


# သစ္စာမသိလို့ သံသရာရှည်တာ

## အလုပ်စဉ်တရားတော်

ဟောကြားသည့်နေ့

၁၉ – ၃ – ၆၁

(၂၆၉)

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၁၃) မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားတော်မူသောတရားတော်

# သစ္စာမသိလို့သံသရာရှည်တာ

## (အလုပ်စဉ်တရားတော်)

ဟောကြားသည့်နေ့

(၁၉-၃-၆၁)

THITSARPARAMI LIBRARY
Date ..........................

စာမူခွင့်ပြုချက် အမှတ် - (၅၁/၉၆) (၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - (၄/၉၇) (၆)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)

မိုးကုတ်ဝိပဿနာတရားစဉ်နှင့်

လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။

ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)

လောကပါလပုံနှိပ်တိုက်

အမှတ် (၈၄)၊ လမ်း(၅၀)၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသောတရားတော်

# "သစ္စာမသိလို့သံသရာရှည်တာ"
# (အလုပ်စဉ်တရားတော်)

ဟောကြားသည့်နေ့ (၁၉-၃-၆၁)

သစ္စာသိအောင်လုပ်ဖို့ဖြင့် အားလုံးသော ဒကာ ဒကာမတွေ အရေးကြီးပါတယ်လို့ သေသေချာချာ မှတ်ကြပါ . . . (မှန်ပါ့) အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သစ္စသံယုတ်များ ဟောထားတာက သစ္စာမသိဘဲနဲ့ သူဟာ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်လာတယ်ဆိုရင် မယုံနဲ့ကွာ. . . တဲ့၊ သစ္စာမသိဘဲ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်လာတယ်ဆိုရင် . . . (မယုံပါနဲ့တဲ့ ဘုရား)။

## ဘုရားဟောခဲ့သော ဥပမာ

မယုံရဘူးတဲ့၊ လိမ်တာ ဝါတာ ကြွားတာသာ ဖြစ်ပါလိမ့်မယ်ကွာလို့ ဘုရားက ဟောခဲ့တယ်နော် . . . (မှန်ပါ့) လောကီဥပမာ ငါ ဘုရားပြမယ်ဟေ့. . . တဲ့၊ တိုင်တစ်လုံးမှ မပါဘဲနဲ့ ကောင်းကင်မှာ ငါ ဒိုင်းတင်ခဲ့တယ်ဟေ့-မြားတွေ ရိုက်ခဲ့တယ်ဟေ့. . . အမိုးတွေ မိုးခဲ့တယ်ဟေ့ ဒကာဝတို့ ဖြစ်နိုင်ပါမလား . . (မဖြစ်နိုင်ပါဘုရား) ဘာကြောင့်မဖြစ်နိုင်သတုံး . . . ထုံးစံမရှိလို့ . . . (မှန်ပါ) သဘောပါပလား . . . (ပါပါပြီ)။

ဘာကြောင့်မဖြစ်နိုင်ပါလိမ့် . . . (ထုံးစံမရှိလို့ပါဘုရား)တည်လို့ ဆောက်လို့ကော ဖြစ်နိုင်ပါမလား . . . (မဖြစ်နိုင်ပါဘုရား) တိုင်ကလေးတစ်လုံးမှ မပါဘဲနဲ့ ဒိုင်းတွေတင်ပြီး သကာလ မြားတွေတင်ပြီး အမိုးတွေမိုးခဲ့တယ်လို့ ပြောခဲ့လို့ ရှိရင်ဖြင့် မယုံရသလိုပဲကွ၊ သစ္စာမသိဘဲနဲ့ ငါသည် . . . သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ, ပစ္စေကဗုဒ္ဓါ ဘုရားကျအောင် ငါသည် သစ္စာမသိဘဲနဲ့ ဖြစ်ခဲ့တယ်ဆိုလို့ ရှိရင်ဖြင့် ဘယ်အခါကာလမှ ယုံကြည်ခြင်းမရှိကြပါနဲ့ ဆိုတဲ့ဥစ္စာ သစ္စသံယုတ်မှာ သေသေ ချာချာ မှာတော်မူတယ်နော် . . . (မှန်ပါ့)။

အကယ်၍ သူမသိလို့ရှိရင်လဲ မင်းတို့ ခက်ကြလိမ့်မယ်ကွာတဲ့ . . . သစ္စာသိအောင်လုပ်ပါ၊ မသိလို့ရှိရင်လဲ မင်းတို့

တစ်နေ့ကပြောခဲ့သလို ဒကာ ဒကာမတို့ ကောင်းကင်မြောက်လိုက်တဲ့ တုတ်လိုပဲ အရင်းကကျမလား. . . အဖျားကကျမလားဆိုတာကိုယ့်အတွက်သေချာပါ့မလား - (မသေချာပါဘုရား)။

## သစ္စာသိဖို့ အရေးကြီးတယ်

အဲဒီကဲ့သို့ မသေချာပြန်တော့ ဪ. . . တို့ သစ္စာမသိသေးသ၍ ကာလပတ်လုံး သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ပစ္စေကဗုဒ္ဓါ ဘုရားလည်းမဖြစ်နိုင်၊ သူမသိသ၍ ကာလပတ်လုံးလည်း ကောင်းကင်မြောက်တဲ့ တုတ်လိုပဲ တို့လားရာဂတိ မမြဲသေးပါကလားဆိုတာလည်း သေသေချာချာ မှတ်ကြရမယ် . . . (မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ် ကိုယ်တိုင်လည်း သစ္စာသိဖို့အလုပ် အရေးကြီးပါတယ် . . . (မှန်ပါ့ဘုရား) သစ္စာသိပြီးလို့ရှိရင်ဖြင့် ကျချင်သလိုကျတဲ့ ဝိနိပါတိကဘေးဆိုတာ လာနိုင်သေးရဲ့လား . . . (မလာနိုင်ပါဘုရား)။

## ဝိနိပါတိကဘေးဆိုတာဘာပါလိမ့်

ဝိနိပါတိကဘေးဆိုတာလည်း ဒကာ ဒကာမတို့ တခြားမဟုတ်ပါဘူး။ အခုလို တပေါင်း တန်ခူး အစရှိသည်မှာ

သစ်ပင်တွေ အရွက်တွေက ခြောက်တဲ့အခါမှာ အရင်းကနေပြီး လှုပ်နိုင်တဲ့အပင်ဖြစ်ခဲ့လို့ရှိရင် ဒကာဝတို့ မောင်ကိုတို့ လှုပ်ကြည့်လိုက် သစ်ရွက်တွေဟာ မကျပေဘူးလား . . . (ကျပါတယ်ဘုရား) မှန်းခြေပေါက်လား . . . ကျချင်သလို ကျတာလား . . . (ကျချင်သလို ကျတာပါဘုရား)။

ကျချင်သလိုကျတော့ ခုနက ရေအိုင်ထဲကျ နွားကျင်ကြီး ပေါ်ကျ လူကျင်ကြီးပေါ်ကျ အမှိုက်ပုံထဲကျ မီးပုံထဲကျ၊ အင်း ဒီ . . . သစ်ရွက်ကလေးတွေ အကျမြဲပါရဲ့လား. . (မမြဲပါဘုရား) အင်း ပရမ်းပတာ ဘေးသင့်သကိုးဗျ . . . (မှန်ပါ့)။

ပရမ်းပတာဘေး သင့်တဲ့အခါကျတော့ အကျက မမြဲဘဲဖြစ်ပြီးသကာလ နေသလို ဘုန်းကြီးတို့ ဒကာ ဒကာမတွေလည်း သစ္စာကို မသိသေးလို့ရှိရင်ဖြင့် ဦးခင်မောင်တို့ ပရမ်းပတာဘေးက မလွတ်သေးပါကလားဆိုတာ မှတ်ထားပါ . . . (မှန်ပါ့ဘုရား)၊ ဘာဘေးက မလွတ်သေးပါလိမ့် . . . (ပရမ်းပတာဘေးက မလွတ်သေးပါဘုရား)။

## ငါတို့အရေးတကြီးသိရမှာဘာပါလိမ့်

ပရမ်းပတာဘေးက မလွတ်သေးဆိုတာ ဩော်. . . ငါတို့ဖြင့် အရိုးကျေကျေ အရေခြောက်ခြောက် ဆိုသလိုပဲ

ဒီသစ္စာဖြင့်သိအောင် လုပ်ရတော့မှာပဲ . . . ငါတို့ အရေး အကြီးဆုံး ဘာပါလိမ့်မတုံးဆိုတော့ . . . သစ္စာပဲ (မှန်ပါ့ ဘုရား)။

ငါတို့ အရေးတကြီးသိရမှာ ဘာပါလိမ့် . . . (သစ္စာပါ ဘုရား) အဲဒီသစ္စာကလည်း တခြားကို ရှာမနေပါနဲ့လို့ ဘုန်းကြီး များက သတိပေးလိုက်ပါတယ်၊ ပဋိစ္စသမုပ္ပါဒ် တစ်ခုလုံးဟာ ဧဝ မေတဿကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ ဆိုတော့ အကုန်ဒုက္ခသစ္စာတွေပြောချလိုက်တာ . . . (မှန်ပါ့ဘုရား)။

ဦးခင်မောင် ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ ဆိုတော့ အဝိဇ္ဇာကစပြီး ကျန်တာတွေပတ်မိအောင် သွားခဲ့ သည်ရှိသော် ဘာ သစ္စာတွေ ဖြစ်ကုန်ပါလိမ့် . . . (ဒုက္ခ သစ္စာတွေ ဖြစ်ကုန်ပါတယ်ဘုရား)။

ဒုက္ခသစ္စာတွေ ဖြစ်ကုန်တယ်ဆိုတာက သူများပြော လည်း မဟုတ်ပါဘူး၊ ဘုရားဟောက သေချာပြီး သကာလ နေတယ်ဆိုတာ ဒကာသစ်တို့မှတ်ကြပါ . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် သစ္စာပြောရတော့မယ် ဆိုလို့ရှိရင် ဒကာ ဒကာမ တွေ ဘုန်းကြီးကနာမည်တပ်ပေးရုံပါပဲ၊ အရှိက ဒကာ ဒကာမ တွေမှာ . . . (မှန်ပါ့ဘုရား)။

ဘုန်းကြီးကတော့ ဘာပါလိမ့် . . . (နာမည် တပ်ပေး

ရှုံပါပဲဘုရား) အရှိကတော့ဖြင့် . . . (တပည့်တော်တို့ သန္တာန်မှာပါဘုရား) အရှိကတော့ဖြင့် ဒီ . . . ဒကာ ဒကာမတွေ၏ ရုပ်နာမ်မှာ ရှိတာပါပဲဆိုတာ ဘာမှ ငြင်းဆန်နေဖို့ မလိုတော့ပါဘူးနော် . . . (မလိုပါဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ဒါဖြင့် ဩော် . . . အရှိကတို့ဆီမှာ၊ အပြောက ဆရာ့ဆီမှာ၊ အကြည့်ကလည်း တို့ဉာဏ်နဲ့ ကြည့်ရမှာပါကလား ဆိုတာကလေး ဆုံးဖြတ်ချက် ချထားဖို့ ဒကာဝတို့ မောင်ကိုတို့ အရေးကြီးတယ် . . . (မှန်ပါ့ဘုရား) ဦးခင်မောင် အရေးမကြီးဘူးလား . . . (ကြီးပါတယ်ဘုရား)။

## သာသနာတွင်းကြုံတုန်း၊ ကြိုးစားလိုက်ကြ

အေး. . . ဒါကြောင့်ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သာသနာတွင်း ကြုံတဲ့အခါမှာ ကြိုးစားလိုက်ကြပါ၊ ဒီ. . . အချိန် ကလေးမှ ဒီသစ္စာနဲ့ မတွေ့လိုက်ရတော့ဘူး . . . ဆိုလို့ ရှိရင်ဖြင့် ကိုယ်ကျိုးဖြင့် လှလှကြီးနည်းပြီ . . . (မှန်ပါ့ဘုရား)။

အဲဒါ . . . ခင်ဗျားတို့ သစ္စာသိချင်တဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ ဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာ သူ ဘာ လုပ်ပါလိမ့်မတုံးမေးတဲ့အခါကျတော့ နှိပ်စက်တာ မြင်အောင် ကြည့်ရလိမ့်မယ် . . . (မှန်ပါ့ဘုရား)။

နိုပ်စက်တာ မြင်အောင်ကြည့်ရလိမ့်မယ် အဲဒီကဲ့သို့ မြင်အောင်ကြည့်နိုင်တဲ့အခါကျတော့ သစ္စာအနက် ၁၆-ချက် ဆိုတဲ့အတိုင်း ဒုက္ခဿ ပီဠနဋ္ဌော . . . ဆိုတာကြီးဟာ ပေါ်လာလိမ့်မယ်နော် . . . (မှန်ပါ့ဘုရား)။

ကိုင်း. . . ဒါဖြင့် အစေလကဿပကလည်း မဆုံးသေးတော့ သူလည်း သစ္စာသိပြီး နိဗ္ဗာန်ဝင်မည့်ပုဂ္ဂိုလ်ဖြစ်နေတော့ ဒကာ ဒကာမတွေရှင်းကြဦးစို့တဲ့ ဒီတရားကိုပဲ ပြန်ရှင်းကြဦးစို့နော် . . . (မှန်ပါ့) သစ္စာလေးပါးမသိတာ ဘာပါလိမ့် . . . (အဝိဇ္ဇာပါဘုရား)။

## ပရမ်းပတာဘေးသင့်ကြတယ်

ဩော်. . . သစ္စာလေးပါးမသိတာ အဝိဇ္ဇာဆိုတာ ဒါဖြင့် သူကိန်းနေသ၍ကာလပတ်လုံး ကျုပ်တို့ဖြင့် သစ္စာမသိ တော့ဘူး . . . (မှန်ပါ့ဘုရား)၊ မသိသရွေ့ကာလပတ်လုံး ကျုပ်တို့မှာဖြင့် သံသရာထဲ ခုနင်က ပရမ်းပတာဘေးတွေဟာ ဒီဘဝကစုတေလို့ရှိရင်ဖြင့် မျှော့ဖြစ်လိုက်၊ တီဖြစ်လိုက်၊ ငါးဖြစ်လိုက်၊ နောက်ချေးပိုးထိုးဖြစ်လိုက်၊ ခွေးဖြစ်လိုက်၊ နွားဖြစ်လိုက်နဲ့ ဩော် . . . ဒီဘဝကနေပြီးသကာလ ဒကာ ဒကာမတွေ သိတဲ့အတိုင်း ပရမ်းပတာဘေးသင့်ပြီး . . . သွားလိုက်တာ သစ္စာမသိလို့ ပရမ်းပတာဘေးသင့်ပြီး သွားလိုက်

တာ မိဖုရားကြီးတွေ နွားချေးပိုးထိုးဖြစ်လို့ ငရဲများကျကြလို့ သတပတ္တဇာတ်များ ခွေးကြီးများဖြစ်လို့ ဦးတိသကြီးတို့များ သန်းများဖြစ်လို့ ဘာဖြစ်တာပါလိမ့်မလဲ မေးတဲ့အခါကျတော့ ပရမ်းပတာဘေးသင့်တာကိုး (မှန်ပါ့)။

ဘယ့်နှယ်ကြောင့် ဒီပရမ်းပတာဘေး သင့်ပါလိမ့်မလဲ လို့ အကဲခတ်ကြည့်တော့ ဒကာ ဒကာမတို့ သစ္စာမသိလို့ဘဲ (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ် . . . (သစ္စာမသိလို့ပါ)၊ သစ္စာ မသိလို့ပါဘဲဆိုတာ ပေါ်လာကြပြီနော် . . . (မှန်ပါ့)၊ အဲဒါကြောင့် အခုပြုံးသလောက်မဲ့ရမှာ စိုးရိမ်တယ် ဆိုတာကော. . ကိုယ့်ကိုယ်ကိုယ်သိကြပလား . . . (သိပါပြီဘုရား)၊ အခု သားနဲ့ပြုံး . . . သမီးနဲ့ပြုံး - ပစ္စည်း အရောင်းအဝယ်ကောင်းလို့ ပြုံး-ပြုံး သလောက်မဲ့ရမည့်ကိစ္စတွေက မလာပေဘူးလား . . . (လာပါတယ်ဘုရား)၊ အဲဒီတော့ ဆက်တိုက်ပြုံးရအောင် ဒကာ ဒကာမတို့ သစ္စာသိအောင်လုပ်၊ ပရမ်းပတာဘေး လွတ်အောင် လုပ်ကြ (မှန်ပါ့ဘုရား)။

ဘာလုပ်ကြမယ်. . . (သစ္စာသိအောင်လုပ် ပရမ်း ပတာဘေးလွတ်အောင် လုပ်ကြရမယ်)၊ သစ္စာသိအောင် လုပ်လိုက်တော့ ပရမ်းပတာဘေး လွတ်သွားတယ်ဆိုတာ သဘောကျပလား (ကျပါပြီဘုရား)။

## အခုပြုံးသလောက်မဲ့စရာတွေများလွန်းလို့

အေး. . . ဒါ့ကြောင့် ဝိနိပါတိကဘေးဟာ အခုပြုံး သလောက် နောက်ကို မဲ့စရာငိုစရာမျက်ရည်ကျစရာကိစ္စတွေ များလွန်းလို့ ဒကာ ဒကာမတို့ မျက်ရည်ဇာတ်သိမ်းငြိမ်းတဲ့ဆီ သာ "**သောကပရိဒေဝါနံ သမာတိက္ကမာယ**" ဆိုတဲ့အတိုင်း သောကပရိဒေဝတွေ လွန်မြောက်တာကဖြင့် သတိပဋ္ဌာန် အလုပ်ပဲ၊ သတိပဋ္ဌာန်ဆိုတာ သစ္စာသိတဲ့အလုပ်ပဲ . . . (မှန်ပါ့ ဘုရား)။

'**ဒုက္ခသဒေါမနဿာနံ အတ္ထင်္ဂမာယ**' ဆိုတဲ့အတိုင်း ဒုက္ခ ဒေါမနဿချုပ်တာလည်း ဒီသတိပဋ္ဌာန်းအလုပ်လုပ်မှပဲ . . . (မှန်ပါ့ဘုရား)။ "**ဉာယဿအဓိဂမာယ**" ဆိုတော့ နိဗ္ဗာန်ကိုရဖို့ ဉာယအမည်ရှိတဲ့ နိဗ္ဗာန် (ဝါ) အရဟတ္တဖိုလ် ကိုလည်း အချို့နေရာဆိုတယ် . . . (မှန်ပါ့)၊ အဲ. . . ဉာယ အမည်ရှိတဲ့ အရဟတ္တဖိုလ်နိဗ္ဗာန်ကိုရဖို့ရာလည်း သတိပဋ္ဌာန် အလုပ်လုပ်မှ သစ္စာမြင်ပါတယ် . . . (မှန်ပါ့ဘုရား)၊ မြင်မှပဲ ရနိုင်ပါတယ်ဆိုတာ သဘောကျပလား . . . (ကျပါပြီဘုရား)။

## အဝိဇ္ဇာကြောင့်ဖြစ်ရတာ

ကိုင်း. . . ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘဝများစွာသံသရာက ငါတို့သည်ကားလို့ဆိုရင် အိုဘေးမကင်း နာဘေးမကင်း သေဘေးမကင်း မွဲဘေးမကင်း မျက်ရည်ကျပွဲ

တွေ တစ်ခါတည်း ဆက်တိုက်နှဲပြီးသကာလ ရင်ထုမြေလူးအလုပ် တွေလုပ်ပြီးသကာလ သားကွဲ-သမီးကွဲ-မောင်ကွဲ၊ ဆွေကွဲ၊ လင်ကွဲ၊ မယားကွဲနဲ့ ဖြစ်ပြီးသကာလ အကွဲဟူသ၍ကြောင့် မျက်ရည်မျိုးစုံ ကျပြီးသကာလ ကိုယ်မချမ်းသာ စိတ်မချမ်းသာတွေက များခဲ့ရတာဟာ, . . . ဘာပါလိမ့်မတုံး လက်သည်ရှာတဲ့ အခါ ဘယ်သူမကောင်းလို့မှ မဟုတ်ဘူးတဲ့ ဒကာ ဒကာမတို့ အဝိဇ္ဇာကြောင့် ဖြစ်တာ . . . (မှန်ပါ့ဘုရား)။

ဘယ်လို မှတ်မိကြသလဲ . . . (အဝိဇ္ဇာကြောင့် ဖြစ်တာပါဘုရား) အဝိဇ္ဇာကြောင့် ဖြစ်တာဆိုတာ သေချာကြပလား . . . (သေချာပါပြီဘုရား)။

သူက သစ္စာမသိဘူး၊ သစ္စာမသိတဲ့အခါကျလို့ရှိရင်ဖြင့် ပရမ်းပတာသေား ကျုပ်တို့မှာ သင့်လိုက်ပြီဆိုမှဖြင့်လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ တိရစ္ဆာန်ဖြစ်လိုက် ရောက်ရာဘဝ-ဘဝ တဏှာတွေက ခင်လိုက်ပါတယ် (မှန်ပါ့ဘုရား)။

ဒါကြောင့် ဘုရားက . . .

ဘဝရာဂပရေတေဟိ၊ ဘဝသောတာနုသာရိတိ။

မာရာဓေယျာနုပန္နေဟိ၊ နာယံဓမ္မော သုသမ္ဗုဓောဆိုပြီး သကာလ ဟောထားတာတွေ အများကြီးပါတယ် . . . တဲ့။

အဲဒါကြောင့် ဒကာ ဒကာမတို့သစ္စာသိအောင်ဖြင့် လုပ်ပါဆိုတော့ သစ္စာသိချင်ရင် အဝိဇ္ဇာက ဝိဇ္ဇာဖြစ်ရလိမ့်မယ် . . . (မှန်ပါ့)။

အဝိဇ္ဇာက . . . (ဝိဇ္ဇာဖြစ်ရပါမယ်) ဝိဇ္ဇာဖြစ်ရလိမ့်မယ်ဆိုတော့ သဘောကျပလား . . . (ကျပါပြီဘုရား)၊ ကိုင်း . . . ဒါဖြင့် သစ္စာလေးပါးမသိတာ ဘာခေါ်ကြမယ် . . . (အဝိဇ္ဇာပါဘုရား)။

အဝိဇ္ဇာ ရှိလို့ရှိရင်ဖြင့် ပြုချင်သလိုပြုတဲ့ သင်္ခါရအလုပ်တွေ မလုပ်ပေဘူးလား . . . (လုပ်ပါတယ်ဘုရား)။

သင်္ခါရတွေ လုပ်လိုက်ပြီဆိုမှဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ၌ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿဝေဒနာ . . . ဆိုတဲ့ ခန္ဓာငါးပါးပေါ်လာတယ် . . . (မှန်ပါ့ဘုရား)။

## မသိမှုကလာတာ

ခန္ဓာငါးပါး ဘာ သစ္စာတရားတဲ့တုံး . . . (ဒုက္ခသစ္စာတရားပါဘုရား)၊ ဩော် . . . ဒီဒုက္ခကြီး လက်သည်ရှာလိုက်တဲ့အခါ မသိမှုက လာတာပါကလားဆိုတာ ပေါ်လာတယ် . . . (ပေါ်ပါတယ်ဘုရား)၊ ဒီသစ္စာကြီးပေါ်လာတာ ဘယ်ကလာတာပါလိမ့် . . . (မသိမှုက လာတာပါဘုရား) မသိလို့ပြု-ပြုရာကပေါ်တာပေါ့ဗျာ . . . (မှန်ပါဘုရား)။

ဦးခင်မောင်ရေ . . . မသိတာက အဝိဇ္ဇာ၊ ပြုတာက သင်္ခါရ၊ ပေါ်တာက ဒုက္ခသစ္စာ . . . (မှန်ပါ့ဘုရား)၊ ရိပ်မိကြပလား . . . (ရိပ်မိပါပြီဘုရား)။

မသိတာက . . . (အဝိဇ္ဇာပါဘုရား)၊ ပြုလုပ်တာက . . . (သင်္ခါရပါဘုရား)၊ ပေါ်လာတာက . . . (ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာ၊ ဩော် . . . ဘုန်းကြီးတို့ ဒကာ ဒကာမတွေရော ဘုန်းကြီးတို့ရော အခုခန္ဓာ ဘာများဖြစ်ကြသလဲ လူပဲဖြစ်နေကြသလား နတ်ပဲဖြစ်နေကြသလားလို့မေးတော့ သမုတိသစ္စာနယ်က လူတွေက ရဟန်းရယ် ယောကျ်ားရယ် မိန်းမရယ်လို့တော့ဆိုတော့ ဆိုနိုင်ပါရဲ့၊ အစစ်ရင်း အမြစ်ရင်းကို လိုက်-လိုက်တဲ့အခါကျတော့ "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာဒုက္ခာ" ဒုက္ခသစ္စာကြီးရထားတယ် . . . (မှန်ပါ)၊ ဘာရထားသလဲ (ပဉ္စုပါဒါနက္ခန္ဓာကြီး ရထားပါတယ်ဘုရား)။

## ခန္ဓာကိုယ်ကြီးက အကျိုးနဲ့အကာန်း

ဒုက္ခသစ္စာကြီး ရထားတယ်ဆိုတာ ဒကာ ဒကာမတွေ သူများပြောလား . . . ကိုယ်တိုင်လား . . . (ကိုယ်တိုင်ပါဘုရား)၊ ဒကာ ဒကာမတို့ သူများပြောတာ မယုံပါနဲ့နော် . . . (မှန်ပါ ဘုရား)။

ခန္ဓာကိုယ်ကြီး ရမထားကြဘူးလား . . . (ရထားပါတယ်ဘုရား) ခန္ဓာကိုယ်ကြီးရထားတော့ ခန္ဓာကိုယ်ကြီးကလည်းမနေ့ကပြောခဲ့တော့ အကျိုးနဲ့အကာန်း ရထားပါတယ်လို့ မပြောဘူးလား . . . (ပြောပါတယ်ဘုရား)။

အကျိုးနဲ့အကန်း ရထားပါတယ် ဆိုတဲ့ဥစ္စာ တခြားမှ မဟုတ်ဘဲ ဒကာ ဒကာမတို့နာမ်က အကျိုးပေါ့ဗျာ ... (မှန်ပါ့) ရုပ်က ... (အကန်းပါဘုရား)။

နာမ်က ဘာတဲ့ ... (အကျိုးပါဘုရား) ရုပ်ကတော့ ... (အကန်းပါဘုရား)။

## နာမ်တရားကအကျိုး

အေး... ဒါဖြင့် ရုပ်က အကန်း နာမ်က အကျိုးဆိုတော့ ဒကာ ဒကာမတို့ သိတဲ့အတိုင်း ရုပ်ကား ... ဒကာ ဒကာမတို့ ခြေလက်အင်္ဂါတော့ စွမ်းနိုင်ပါရဲ့ဆိုတာ မနေ့က ပြောခဲ့ပြီနော် ... (မှန်လှပါဘုရား)၊ မျက်လုံးတွေဘာတွေက မျက်စိနှစ်ကွင်းက မွေးကတည်းက အလင်းမရတဲ့ ဆီးပျက် ဝမ်းပျက် ပုဂ္ဂိုလ်လို့မနေ့က မပြောခဲ့ဘူးလား ... (ပြောခဲ့ပါတယ်)။

နာမ်တရားကတော့ ဒကာ ဒကာမတို့ ခြေလက်အင်္ဂါ မစွမ်း သန်တဲ့ပုဂ္ဂိုလ်လို့ မပြောခဲ့ဘူးလား ... (ပြောခဲ့ပါတယ် ဘုရား) မျက်စိ, နားတွေကတော့ မြင်ပါတယ်၊ သို့သော် ဝမ်းတွင်း ရှူကလေးက ပါသေးတယ်ဆိုတော့ 'စိတ္တေနနီယတေ လောကော' က သူက စိတ်က ... 'ဝိစိတ္တရဏံစိတ္တံ' ဆိုတဲ့ အတိုင်း နာမ်တရားက အရှူးကိုးဗျ ... (မှန်ပါ့ဘုရား) သဘောကျပလား ... (ကျပါပြီဘုရား)။

## ရုပ်တရားကအကာန်း

အဲ့ဒီကဲ့သို့ ဒကာ ဒကာမတို့ ရုပ်တရားက အကာန်း၊ နာမ်တရားက အရှုး ဒီလိုမနေဘူးလား . . . (နေပါတယ်ဘုရား)။

အင်းဒီသားဆိုးနှစ်ယောက်ကိုခင်တဲ့ အမေမိဘသည် အမြဲပြုစုနေတယ်လို့ မနေ့ကမဟောလား . . . (ဟောပါတယ်ဘုရား) ဒါဖြင့် ဒီ-ဒကာ ဒကာမတွေ နေ့တိုင်း ဒီ-ခန္ဓာကိုယ်ကြီးကိုဖြီးဟယ်, လိမ်းဟယ်, ကျွေးဟယ်, ဆင်ဟယ်, ပြင်ဟယ်, ရေချိုးဟယ်, မိုးချိုးဟယ်နဲ့ လုပ်ပေးနေရတာ ဒကာ ဒကာမတို့ ဘယ်အတွက်ကြောင့်တုံးလို့ မေးလို့ရှိရင်ဖြင့် သားဆိုးနှစ်ယောက်ကို အပြုကြီး ပြုနေတာလို့ ဦးခင်မောင် ဆိုပါတော့ဗျာ . . . (မှန်ပါ့)။

ဘယ်လိုဆိုကြပါ့မယ် . . . (သားဆိုး နှစ်ယောက်ကို အပြုကြီး ပြုနေရတာပါဘုရား)။

သားဆိုးနှစ်ယောက်ကို အပြုကြီး ပြုနေရတယ်၊ အကာန်းနဲ့အကျိုးကို ဒကာ ဒကာမတို့ ပြုချင်သလို ပြုနေရတယ် . . . (မှန်ပါ့ဘုရား)။

အကာန်းကလည်း ဒုလာဝမ်းပျက်လို့ ပြောထားတယ် . . . တဲ့ . . . ဒကာ ဒကာမတို့နော် . . . (မှန်ပါ့)။

ကိုင်း . . . ဒါဖြင့် အရှုးကလည်း ဝမ်းတွင်းရှုးကလည်း

ဒကာ ဒကာမတို့ ဝမ်းတွင်းရှူးဆိုတော့ အကြိုက်က မတူကြတော့ ဟိုဟာကြိုက်-ဒီဟာကြိုက်၊ တော်တော်ကြာ ဟိုလှည့်လာ - ဒီလှည့်လာ၊ အမျိုးမျိုး အဖုံဖုံ ခင်မိခင်ရာ ရောက်မိရောက်ရာ ခင်ကြတာပဲနော် . . . (မှန်ပါ့ဘုရား)။

## နာမ်ကအရှူးပေါ့ဗျာ

ကိုင်း-ဒကာ ဒကာမတို့ ဒါဖြင့် စိတ်ရှူးကလည်း အရှူး၊ နာမ်ကအရှူးပေါ့ဗျာ . . . (မှန်ပါ့) ရုပ်က အကန်းပေါ့ . . . (အကန်းပါ) အဲဒီနှစ်ခုကို ခင်ဗျားတို့သည်ကားဆိုလို့ရှိရင် ကျုပ်တို့ နေ့တိုင်း ဝတ်ပြုပြီးသကာလ နေရတာ ဘယ်တော့ အားကြသတုံး. . . (မအားပါဘုရား)။

ရုပ်နာမ်ကို ဝတ်ပြုရတာ ဘယ်တော့ အားကြသတုံး. . (မအားပါဘုရား)။ ဘယ်တော့မှ မအားဘူးဆိုတာ သေချာပလား : . . (သေချာပါပြီဘုရား)။

## ခင်တဲ့ပုဂ္ဂိုလ်ကိုအမြဲနှိပ်စက်တယ်

ဒါဖြင့် ဘဝများစွာ တစ်သံသရာလုံးဖြင့် သူတို့ ကျွန်သပေါက်အဖြစ်နဲ့ ခံခဲ့ရတယ် . . . (မှန်ပါ့ဘုရား)။

ဘယ်သူ့ ကျွန်သပေါက်အဖြစ် ခံခဲ့ရသတုံး . . . (သူတို့ ကျွန်သပေါက်ပါ) ရုပ်နာမ်နှစ်ခုတို့၏ . . . (ကျွန်

သပေါက်ခံရပါတယ်ဘုရား) ကျွန်သပေါက်ခံနေရတယ်ဆိုတာ ဒကာ ဒကာမတွေ သေချာပလား . . . (သေချာပါတယ် ဘုရား)

အဲဒါကြောင့် 'ဒုက္ခသဟိဋ္ဌနဿော' ဒုက္ခသဟ = ရုပ်နာမ် ဆိုတဲ့ ဒုက္ခသစ္စာ၏၊ **ပီဠနဋ္ဌော** - ခင်သော ပုဂ္ဂိုလ်ကို ညှာတာ မဘက် အမြဲနှိပ်စက်၍နေ၏ . . . (မှန်ပါ့ဘုရား)။

## မခင်တဲ့ပုဂ္ဂိုလ်တွေနိဗ္ဗာန်ရောက်ကုန်ကြပြီ

ခင်တဲ့ပုဂ္ဂိုလ်ကိုနော် . . . (မှန်ပါ) မခင်တဲ့ ပုဂ္ဂိုလ်တွေ က နိဗ္ဗာန်ရောက်ကုန်ပြီ . . . (မှန်ပါ့ဘုရား)။

မခင်လို့ '**ဝိရာဂေါတိ မဂ္ဂေါ**'ကိုး။ **ဝိရာဂေါ** = မခင်တဲ့ ပုဂ္ဂိုလ်သည်၊ **မဂ္ဂေါ** = မဂ်ပဲ၊ **ဝိရာဂေါ** = မခင်ခြင်းသည် **မဂ္ဂေါ**မဂ် ပဲဆိုတော့ မခင်တဲ့ ပုဂ္ဂိုလ်တွေကတော့ဖြင့် သောတာပန်က သကဒါဂါမ်ကူး - အနာဂါမ်ကူး - ရဟန္တာကူးလို့ နိဗ္ဗာန်တိုင် ဆိုက်ရောက်သွားကြတော့ သူတို့မှာဖြင့် ဒကာ ဒကာမတို့ မခင်ခြင်းကြောင့် အနှိပ်စက်လွတ်သွားပြီ . . . (မှန်ပါ့)။

ဒီ ဒကာ ဒကာမတွေတော့ ဘယ်လိုများ နေကြရသတုံး လို့ ဦးဇင်းရင်တို့ စဉ်းစားကြည့်စမ်းပါ၊ ဘာလုပ်နေကြသလဲ. . . (အနှိပ်စက် ခံနေကြရပါတယ်ဘုရား)။

ခင်တာနဲ့ ဘာလုပ်နေသလဲ . . . (အနှိပ်စက်ခံနေပါ

တယ်) ပြော်. . . အကျိုးနဲ့ အကန်းနဲ့ နှိပ်စက်နေတယ်နော် . . . (မှန်ပါ့)၊ ကိုယ့်သားတွေကိုးဗျ . . . (မှန်ပါ့)။

ကိုယ်ကခင်မိတဲ့ သားနှစ်ယောက်ဖြစ်နေတယ် . . . (မှန်ပါ့) ကိုယ်ကခင်မိတဲ့ သားနှစ်ယောက်ဖြစ်နေတော့ သူတို့ နှိပ်စက်သလို ခံပြီးသကာလ နေရတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နေ့လည်းမအားပါဘူး . . . (မအားပါဘုရား) ညမှာကော . . . (မအားပါဘုရား)။

ဘယ်သူ့အတွက်ပါလိမ့် . . . ဆိုတော့ သားဆိုး နှစ်ယောက်အတွက် . . . (မှန်ပါ့ဘုရား)။

ဘယ်သူ့အတွက်ပါလိမ့် . . . (သားဆိုးနှစ်ယောက် အတွက်ပါ)၊ သားဆိုးနှစ်ယောက်အတွက်ဆိုတာ သေချာပလား . . . (သေချာပါပြီဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ပြော် . . . တယ်နှိပ် စက်ပါကလား . . . တယ်နှိပ်စက်ပါကလားလို့ . . . မနေ့က သင်လွှတ်လိုက်တယ်နော် . . . (မှန်ပါ့)။

## ရုပ်နာမ်တရားက နှိပ်စက်တယ်

ရုပ်က ဟိုဘက်ပြောင်းပေးပါဦး၊ ဒီဘက်ပြောင်းပေးပါ ဦး၊ ရေကလေး ချိုးပေးပါဦး၊ မိုးကလေးချိုးပေးပါဦး၊ နာမ်တရား ကလည်း စားစရာရှာ ဟိုဟာစားချင်တယ်၊ ဒီဟာ စားချင်တယ်၊

ဒီဟာ ဝတ်ချင်တယ်နဲ့ နာမ်တရားကလည်း နှိပ်စက်လိုက်တာ ဟင် . . . (မှန်ပါဘုရား)။

ရုပ်တရားကလည်း နှိပ်စက်လိုက်တော့ ဘာကလေး လုပ်လုပ် သူတော်ကောင်းအလုပ်မှတစ်ပါး ဦးခင်မောင်ရေ . . နှိပ်စက်နေတာပဲ . . . (မှန်ပါ့ဘုရား)။

ဘာလုပ်လုပ် သူတော်ကောင်းအလုပ် လုပ်တာမှ တစ်ပါး ကျန်တာတွေဟာ ရုပ်နာမ်တို့၏ အလုပ်ကို လုပ်ရလို့ ရှိရင်ဖြင့် ဘာဆိုကြပါမယ် . . . (နှိပ်စက်နေတာပါဘုရား)။

ဒါဖြင့် '**ဒုက္ခသပီဠနဋ္ဌော**' . . . (မှန်ပါ့)၊ သဘောကျ ပလား . . . (ကျပါပြီဘုရား)။

'**ဒုက္ခသ ပီဠနဋ္ဌော**' တဲ့. . . ။ ကိန်းရာပုဂ္ဂိုလ် ခင်ရာ ပုဂ္ဂိုလ်ကို ညာတာမဘက် အမြဲနှိပ်စက်နေတယ် . . . (မှန်ပါ့) ဘယ်တော့များ ရပ်မှာတုံးလို့မေးတော့ ဒကာ ဒကာမတို့ သူ့ကို မခင်တဲ့အခါကျတော့မှ သူ့ကိုနှိပ်စက်တတ်တဲ့ ဒုက္ခသစ္စာလို့ သိတဲ့အချိန်ကျတော့မှပဲ ဝဋ်ကျွတ်တော့မယ် . . . (မှန်ပါ့)၊ နို့မဟုတ်ရင် ကျွတ်နိုင်ပါ့မလား . . . (မကျွတ်နိုင်ပါဘုရား)။

## နှိပ်စက်တတ်တဲ့ဒုက္ခသစ္စာ

အေး. . . ဒါကြောင့် ဒကာ ဒကာမတို့ ယခု ရထားတဲ့ ခန္ဓာငါးပါးကြီးဟာ နှိပ်စက်တတ်တဲ့ဒုက္ခသစ္စာလို့ မှတ်ထားလိုက်

စမ်းပါ . . . (မှန်ပါ့ဘုရား)၊ ရှင်းကြပလား . . . (ရှင်းကြပါပြီ ဘုရား)။

နှိပ်စက်တတ်တဲ့ . . . (ဒုက္ခသစ္စာပါဘုရား)၊ အဲဒီ ဒုက္ခသစ္စာကြီးဟာ ကျုပ်တို့ကလည်း တစ်ခါတည်း အမွှမ်းတင်ပြီးသကာလ ဩော် . . . ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ဒီရုပ်နာမ်ကြီး ရထားတာ တော်-တော်သေးရဲ့ ဆိုလေလေ သူက နှိပ်စက်လေလေပဲ . . . (မှန်ပါ့ဘုရား)။

ခင်လေလေ ဘာတုံးဗျ . . . (နှိပ်စက်လေလေပါ ဘုရား) ခင်လေလေ နှိပ်စက်လေလေပဲဆိုတာ ဒကာ ဒကာမ တွေ သေသေချာချာမှတ်ပါ . . . (မှန်ပါ့ဘုရား)။

ဟိုအိမ်က ဒကာမ၊ ဒီအိမ်က ဒကာမ၊ ဒီ ဒကာက တော်အောင်နေတတ်တယ်၊ သူ့ခန္ဓာကြီးသူ ဒီလောက် ဂရုမစိုက်ဘူးဆိုလို့ရှိရင် သူနည်းနည်းသက်သာတယ် . . . (မှန်ပါ့)။

ဟိုအိမ်က ယုယနေတယ်ဆိုလို့ရှိရင် ယုယနေတဲ့ အိမ်က အားကိုအားသေးရဲ့လား . . . (မအားပါဘုရား)။

ဟိုက ကာဟယ်၊ ဒီက ဆီးဟယ်၊ ဟိုက ပြုပြင်ဟယ်၊ ဒီက ပြုပြင်ဟယ်နဲ့ ဘယ်သူက နှိပ်စက်လို့ ဒီလောက်တောင်မှ မအားတာပါလိမ့် . . . (ခန္ဓာငါးပါးက နှိပ်စက်လို့ပါဘုရား)။

ခန္ဓာငါးပါး ဒုက္ခသစ္စာတရားက ပီဠနဋ္ဌောဆိုပြီး

သကာလ မောင်ကိုတို့ . . . ဒကာဝတို့ နှိပ်စက်လိုက်တဲ့ဖြစ်ခြင်းဟာ အားသေးရဲ့လား . . . (မအားပါဘုရား)။

အိမ်ဆောက်ထားလို့မှ ဦးခင်မောင်ရေ အိမ်နေရရဲ့လား . . . (မနေရပါဘုရား)၊ သူကနှိပ်စက်ထားတာကိုးဗျ . . . (မှန်ပါ့ဘုရား)။

သူက နှိပ်စက်ထားတယ်တဲ့၊ ခန္ဓာကိုယ်ကြီးက နှိပ်စက်တယ်၊ ရုပ်တရားက နှိပ်စက်၊ နာမ်တရားက နှိပ်စက်တယ် မင်းစားဖို့ သောက်ဖို့ရအောင် လုပ်ပါလား၊ ဘယ်လိုလုပ်ပါလား၊ ဘယ်လိုကိုင်ပါလား ဆိုလို့ရှိရင်ဖြင့် အိမ်ဆောက်ထားပြီး အိမ်ပေါ်မနေရ . . . (မှန်ပါ့ဘုရား)၊ သဘောကျပလား (ကျပါပြီဘုရား)။

ထမင်းချက်ထား တစ်ခါတလေ အိမ်မှာချက်ပြီး ထားငြားသော်လည်း မစားရဘူး . . . (မှန်ပါ့ဘုရား)၊ အင်း . . . နှိပ်စက်တာကိုးဗျ . . . (မှန်ပါ့ဘုရား)။

နှိပ်စက်တာပေမယ့် မစားဘဲနဲ့ လုပ်စရာရှိတာ ပြီးအောင်လုပ်ပါလားဆိုပြီး နာမ်တဏှာတွေကလည်း၊ ခိုင်းလိုက်၊ နာမ်ဝေဒနာတွေကလည်း ခံစားချင်တာနဲ့ ခိုင်းလိုက်ပြီဆိုမှဖြင့် ဦးခင်မောင်တို့ရေ. . . ချက်ပြုတ်ထားတာကလေးတွေ ထားပစ်ခဲ့ရတယ် . . . နော် . . . (မှန်ပါ့)၊ နှိပ်စက်လိုက်တာနဲ့ ကျုပ်တို့မှာဖြင့် ဒုက္ခရောက်မသွားဘူးလား . . . (ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ လောကီ ရုပ်နာမ်တွေသည် ဘာလုပ်တတ်သတုံးလို့ မေးရင် ဘယ့်နှယ် ဖြေကြပ့်မယ် . . . (နှိပ်စက်ပါတယ်ဘုရား)။

## နှိပ်စက်တတ်တာကို ဉာဏ်နဲ့မြင်အောင်ကြည့်

နှိပ်စက်တတ်တယ်၊ အဲဒီ နှိပ်စက်တတ်တာကို ကျုပ်တို့က ဉာဏ်နဲ့မြင်အောင် ကြည့်ရမယ် . . . (မှန်ပ့ါ) နှိပ်စက်တာကို . . . (ဉာဏ်နဲ့မြင်အောင် ကြည့်ရပ့ါမယ်ဘုရား)။

ဉာဏ်နဲ့မြင်အောင် ကြည့်ရမယ်ဆိုတာ မောင်ကိုတို့ ကျေနပ်ပလားကွ . . . (ကျေနပ်ပါပြီဘုရား)။

အဲဒီတော့ နှိပ်စက်တတ်တာ ဉာဏ်နဲ့ မြင်အောင် ကြည့်ရတော့မယ်ဆိုတော့ ဒီအတိုင်း ခိုင်းတိုင်း စေတိုင်းတဲ့ နှိပ်စက်ပြန်ပြီလို့ သိရမယ်နော် . . . (မှန်ပ့ါဘုရား)။

ကိုင်း . . . ထိုင်ပြီး သကာလ ကြည့်တဲ့အခါကျတော့မှ ရုပ်သင်္ခါရကလေးတွေကလည်း ဖြစ်ပျက် . . . (မှန်ပ့ါ)၊ နာမ်သင်္ခါရ ကလေးတွေကကော . . . (ဖြစ်ပျက်ပါဘုရား)။

## ဖြစ်ပြီးပျက်တာ ဒုက္ခသစ္စာ

အဲဒါကလေးတွေက ဩော် . . . ဖြစ်ပြီးပျက်တာ ဘာသစ္စာပါလိမ့် ဒကာ ဒကာမတို့ . . . (ဒုက္ခသစ္စာပါဘုရား)။

ဒါ မဂ္ဂင်ငါးပါးနဲ့ ဒကာ ဒကာမတွေက ကြည့်ပေး . . . တဲ့၊ ကိုယ့်ခန္ဓာငါးပါးကြီးကို၊ ဒါရ, လာတဲ့ ပဝတ္တိ ခန္ဓာငါးပါးကြီးကိုနော် . . . (မှန်ပါ့ဘုရား)။

ခန္ဓာငါးပါးထဲက ဝေဒနာကြိုက်ရင် ဝေဒနာကြည့်ရလိမ့်မယ်၊ စိတ်ကြိုက်ရင် . . . (စိတ်ကြည့်ရပါမယ်ဘုရား)။

ကြည့်ချင်တာ ကြည့်ပါတဲ့၊ နာမက္ခန္ဓာလေးပါး တစ်ပါးကြည့်လို့ရှိရင် အတူတူဖြစ်လို့ အတူတူပျက်တယ်ဆိုတာ ပေါ်လာပါလိမ့်မယ် . . . (မှန်ပါ့ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့က ကြည့်တာပေါ့ . . . တဲ့၊ ကိုယ့်သန္တာန်မှာ ထမင်းစားချင်တဲ့ စိတ်ကလေးပေါ်လာတယ်၊ စိတ်ဘက်က လှည့်လိုက်ပါဦး . . . (မှန်ပါ့ဘုရား)။

## စားချင်တဲ့စိတ်ကလေး

စားချင်တဲ့ စိတ်ကလေးပေါ်လာတယ် ဒကာ ဒကာမတို့၊ စားရရဲ့လား . . . တဲ့၊ မစားရဘဲနဲ့ပဲ သေသွားသလား . . . (မစားရဘဲနဲ့ သေသွားပါတယ်)၊ စားချင်ပြီးပျက်သွားတာပေါ့ဗျာ . . . (မှန်ပါ့ဘုရား)။

စားချင်ပြီး ပျက်စီးသွားတာပဲဆိုတော့ ခင်တဲ့ ပုဂ္ဂိုလ်ကတော့ဖြင့် ထမင်းအိုးဆီသွားလို့ . . . လာလို့ပေါ့ဗျာ . . .

(မှန်ပါ့) သူကလည်း ဒကာ ဒကာမတို့ နှိပ်စက်လိုက်တဲ့ ဖြစ်ခြင်းသည် ကားလို့ဆိုရင် ဟိုလဲ ခိုင်းထားသေးတယ်၊ သူမှာလည်း **ဇာတိ ဇရာ မရဏာ**နဲ့ပျက်စီးရပြန်တယ် . . . (မှန်ပါ့ဘုရား)။

စားချင်တဲ့ ဝေဒနာကလေးမှာ စားချင်တဲ့ တဏှာကလေးမှာ မပျက်စီးရဘူးလား . . . (ပျက်စီးရပါတယ်ဘုရား)။

## ဖြုဖြင်လို့ပေါ်လာတဲ့ သင်္ခါရတရား

ဒါဖြင့် ဒကာ ဒကာမတို့ အဲဒီ ပျက်စီးတာကလေးတွေ ကြည့်နေတော့ ဩော် . . . ဒီ သင်္ခါရတရားဟာ သင်္ခါရတရားဆိုတာ ဒါက ပြုပြင်လို့ ဒါပေါ်တာကိုး . . . (မှန်ပါ့ဘုရား)။

ပေါ်လာတော့ သင်္ခါရတရားလို့သူကိုဆိုရင် လွဲပါ့မလား (မလွဲပါဘူးဘုရား)။

အဲဒီ သင်္ခါရတရားတို့၏ ဖြစ်မှုပျက်မှုကို မြင်လို့ရှိရင် ဒုက္ခ သစ္စာ နှိပ်စက်တတ်တာကို မြင်တော့တာပါပဲ . . . (မှန်ပါ့ဘုရား) ဒုက္ခသစ္စာ . . . (နှိပ်စက်တာကိုမြင်တော့တာပါပဲဘုရား)။

ဒါကြောင့် မနေ့က ဒကာ ဒကာမတွေ အမြဲတမ်း ဩော် . . . တို့မြင်တာ ဘာပါလိမ့်မတုံးဆိုတာ မသိမှာစိုးတဲ့အတွက် ဖြစ်ပျက်သမျှ သင်္ခါရဒုက္ခသစ္စာမှတ် . . . (မှန်ပါ့) မြင်လို့ရှိရင်နော် . . . (မှန်ပါ့ဘုရား)။

ဖြစ်ပျက်ကလေးတွေမြင်ရင် ဘာမြင်တာပါလိမ့် . . . (သင်္ခါရဒုက္ခသစ္စာမြင်တာပါဘုရား)။

**၁။ ဖြစ်ပျက်သမျှသင်္ခါရ ဒုက္ခသစ္စာမှတ်**

အဲဒါကြောင့် ဖြစ်ပျက်သမျှ သင်္ခါရ ဒုက္ခသစ္စာမှတ် . . . (မှန်ပါ့) ကဲ . . . အားလုံး ၃-ခေါက်ဆိုကြစမ်း. . . (၃-ခေါက်ဆိုကြသည်)။

**"ဖြစ်ပျက်သမျှ သင်္ခါရဒုက္ခသစ္စာမှတ်"**

**"ဖြစ်ပျက်သမျှ သင်္ခါရဒုက္ခသစ္စာမှတ်"**

**"ဖြစ်ပျက်သမျှ သင်္ခါရဒုက္ခသစ္စာမှတ်"။**

ဩော် . . . ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ ဒုက္ခသစ္စာပဲရှိတယ်၊ ဒုက္ခသစ္စာဟူသရွှဟာလည်း ဘာပါလိမ့်မတုံးလို့ ကြည့်လိုက်တဲ့အခါကျတော့ ဖြစ်ပျက်နေတာပဲ . . . (မှန်လှပါဘုရား)။

ဒါဖြင့် ကိုက်သွားပြီ၊ **'ဝိပရိဏာမ လက္ခဏံ ဒုက္ခသစ္စံ'** ပင်ကိုသဘော စွန့်သွားတာကိုး . . . (မှန်ပါ့ဘုရား)။

ဝေဒနာကလေးကလည်း ဝေဒနာသဘောစွန့်သွားပါတယ် . . . (မှန်ပါ့) စိတ်ကလေးကကော . . . (စိတ်သဘောစွန့်သွားပါတယ်) စိတ်သဘောစွန့်သွားတော့ ဒုက္ခရောက်သွားတာပေါ့ဗျာ . . . (မှန်ပါ့ဘုရား)။

ဒါကြောင့် **သံယုတ်ပါဠိတော်ကြီး**မှာကျတော့ . . .

"ဒုက္ခမေဝဟိ သမ္ဘောတိ၊ ဒုက္ခံတိဋ္ဌတိဝေဟိစ။
နာညတြဒုက္ခာသမ္ဘောဟိ၊ နာညံဒုက္ခာနိရုဇ္ဈတိ"
ဆိုပြီး ဟောထားတာများ ရှိသေးတယ်။

**ဒုက္ခမေဝ** - ဒုက္ခ တရားသည်သာလျှင်၊ **သမ္ဘောတိ**-ဖြစ်၏။ ဖြစ်ပေါ်လာတာကလေးဟာ ဦးခင်မောင် မှတ်လိုက်၊ ဒုက္ခဖြစ်ပေါ်လာတာမှတ်ပါ . . . (မှန်ပါ့ဘုရား)။

တည်နေပြန်လို့ရှိရင်လည်း ဒုက္ခံ-ဒုက္ခသည်၊ **တိဋ္ဌတိ**-တည်နေတယ်၊ ခဏကလေးတည်တယ်လို့ ဒီသဘောကြည့်လို့ရှိရင်လည်း ဒါဒုက္ခတည်တယ်လို့မှတ်လိုက်ပါ . . . (မှန်ပါ့ဘုရား)။

ဝေတိစ၊ ပျက်လည်းပျက်၏၊ ဩော် . . . ဒါဖြင့် ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲရှိတယ် ဝေဒနာကလေးတစ်လုံးမှာ . . . (မှန်ပါ့ဘုရား)။

## ဒုက္ခဖြစ်၍ဒုက္ခပျက်တယ်

စိတ်ကလေးတစ်လုံးမှာကော . . . (ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲရှိပါတယ်) အင်း . . . ဖြစ်လာတာလည်းဒုက္ခ၊ ပျက်တာကော . . . (ဒုက္ခပါဘုရား)။

**နာညံဒုက္ခာနိရုဇ္ဈတိ** . . . တဲ့၊ ဒုက္ခာ-ဒုက္ခကို၊ အညတြ၊ ကြဉ်ထား၍၊ သမ္ဘောတိ-ဖြစ်ပေါ်လာတဲ့ တရားသည်၊ နတ္ထိ

မရှိပါဘူးကွာ . . . (မှန်ပါ့)၊ ဖြစ်ပေါ်လာတာ ဒုက္ခပါပဲကွတဲ့။

နာညဲဒုက္ခာနိရုဇ္ဈတိ . . . တဲ့၊ ဒုက္ခာ ဒုက္ခမှ၊ အညဲ တစ်ပါးသော တရားသည်၊ နိရုဇ္ဈတိ - ချုပ်သည်မည်သည်၊ နတ္ထိ-မရှိပါဘူးကွာ၊ ချုပ်တာလည်း ဒုက္ခပဲကွတဲ့ . . . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဖြစ်တဲ့ဥစ္စာလည်း ဒုက္ခသစ္စာ . . . (မှန်ပါ့) ပျက်တဲ့ဥစ္စာကော . . . (ဒုက္ခသစ္စာပါဘုရား) အဲဒါကြောင့် ဖြစ်ပျက်သမျှ သင်္ခါရဒုက္ခသစ္စာမှတ် . . . (မှန်ပါ့ဘုရား)။

အေး . . . ဒါကလေးကို မမေ့စေနဲ့၊ ဘာကြောင့် မမေ့စေနဲ့လို့ ဆရာဘုန်းကြီးက ပြောရသတုံးလို့ ဒကာ ဒကာမ တွေက တရားတစ်ပွဲလုံးက အမေးထုတ်ခဲ့သည်ရှိသော် ဩော် . . . ကိုယ်လုပ်နေတာ သစ္စာအလုပ်-လုပ်နေတာ၊ သစ္စာ မြင်နေတာပါကလားဆိုတာ ဦးခင်မောင်သိအောင် ပြောနေ တယ် . . . (မှန်ပါ့ဘုရား)။

## တစ်ကိုယ်လုံးမှာဖြစ်ပျက်ပဲပေါ်မှာပါ

အဲဒီတော့ တစ်ကိုယ်လုံးထဲမှာ ဘာပဲပေါ်ပေါ် ဖြစ်ပျက်ပဲပေါ်မှာပါ . . . (မှန်ပါ့) တစ်ကိုယ်လုံးထဲ ဘာပဲပေါ် ပေါ် ဘယ့်နှယ်ပါလိမ့် . . . (ဖြစ်ပျက်ပဲပေါ်ပါတယ်ဘုရား)။

ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်၊ ဥဒယဗ္ဗယ

ပဲရှိမှာပေါ့ဗျာ . . . (မှန်ပါ့) အင်း. . . ဒါတွေ ဘာသစ္စာတွေ ပါလိမ့် . . . (ဒုက္ခသစ္စာတွေပါဘုရား)။

အဲဒါကလေးတွေကို ဒကာ ဒကာမတွေက သားရေး, သမီးရေး, စီးပွားရေးထက် ဒုက္ခသစ္စာအရေး ဂရုစိုက်လိုက်စမ်း ပါ . . . (မှန်ပါ့) ဒုက္ခသစ္စာမြင်တဲ့အရေးဂရုစိုက်စမ်းပါ. . . (မှန်ပါ့ဘုရား)။

သားရေး, သမီးရေး, စီးပွားရေးထက် . . . (ဒုက္ခသစ္စာ မြင်တဲ့အရေး ဂရုစိုက်လိုက်ပါ)။

ဒုက္ခသစ္စာမြင်တဲ့အရေး ဂရုစိုက်လိုက်စမ်းပါဆိုတဲ့ ဥစ္စာ သံယုတ်ပါဠိတော်ကြီးများ လာသေးတယ် ဦးခင်မောင်ရေ . . . (မှန်ပါဘုရား)။

## လှံ့အချက် (၉) ရာအထိုးခံလိုက်ပါ

ကွာ. . . တဲ့ သစ္စာများ ပြောပေးမည့်သူ- ဟောပေး မည့်သူ ရှိမယ်လို့ဆိုရင် မင်း တောင်းပန်းပါလို့ ဆိုတာလည်း ဒကာဝ, မောင်ကိုတို့ ဟောထားတယ်နော် . . . (မှန်ပါ့ ဘုရား)။

မင်း သေသေချာချာ တောင်းပန်ပြီးသကာလ နာပါ ကွာ၊ သိအောင်လုပ်ပါကွာဆိုတာ ဟောထားတယ် . . . (မှန်ပါ့ ဘုရား)။

ဟိုပုဂ္ဂိုလ်က ဟောမည့်ပုဂ္ဂိုလ်က ဟောတော့ဟောမယ်၊ မင့်ကို မနက် လုံအချက်သုံးရာ အထိုးခံရလိမ့်မယ်၊ နေ့လယ် လုံအချက်သုံးရာ အထိုးခံလိမ့်မယ်၊ ညနေ လုံအချက်သုံးရာ အထိုးခံရလိမ့်မယ်၊ လုံအချက်ကိုးရာ ထိုးပြီးတော့မှ ညနေကျမှ သစ္စာသိအောင် ငါ ပြောပေးမယ်ဆိုရင် ခံလိုက်ပါကွာတဲ့. . . (မှန်ပါ့) ဘုရားက-ဘုရားက . . . (မှန်ပါ့ဘုရား)။

ခံလိုက်ပါ . . . တဲ့၊ ဒီဥစ္စာ မင်းတကယ်လို့ သေလည်း တစ်ဘဝပါပဲတဲ့၊ မသေလို့ရှိပြန်လို့ရှိရင်လည်း တစ်ဘဝတည်းနဲ့ သစ္စာသိပြီး တစ်ဘဝ-အလွန်နှစ်ဘဝနဲ့ ကိစ္စပြီးနိုင်ပါတယ်တဲ့၊ မသိဘဲနဲ့ သေသွားမယ်ဆိုရင် နွားဖြစ်လို့ လည်လိုးခံရမည့် ဥစ္စာတွေနည်းသလား . . . (မနည်းပါ)၊ သူများလုံချက်နဲ့ အသက်ထွက်ရမည့် ဘဝတွေကော . . . (မနည်းပါဘုရား)။

ကိုးရာထက်တော့ အဆပေါင်းများစွာပိုလိမ့်မယ် . . . (မှန်ပါ့) သစ္စာမသိဘဲနဲ့ သေကြရင်လေ . . . (မှန်ပါ့) ဘဝတွေ ဆုံးနိုင်သေးရဲ့လား . . . (မဆုံးနိုင်ပါဘုရား)။

## သစ္စာသိအောင် ဟောမယ်ဆိုရင်

အဲဒီကျအောင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဒါ ကြောင့် ဘုရားက အလွန်ဆုံး ဟောလိုက်ပါတယ်၊ ကိုးရာများ အထိုးခံလိုက်ပါကွာ . . . တဲ့၊ ညနေ သစ္စာသိအောင် ဟောမယ်ဆိုရင် မင်းခံသာခံလိုက်၊ မင်းသစ္စာမသိလို့ ကြုံရ

ဆုံရမည့် ဘဝတွေက ကိုးသောင်းလည်းမက . . . ကိုးသိန်းလည်း မကဘူး၊ သူများလက်ချက်နဲ့ သေရမှာတွေ . . (မှန်ပါ့ဘုရား)။

ဒီလိုဆိုတော့ ဒကာ ဒကာမတွေလည်း အကြီးအကျယ်ဟောတယ်ဆိုတာ ဘုရားဟောတာ . . . (ကျေနပ်ပါတယ်ဘုရား)။

ဒါကြောင့် ဘုန်းကြီးများက အတုလိုက်ပြီးသကာလအခုပြောရပါတယ်တဲ့ ဒကာ ဒကာမတို့ သစ္စာသိအောင်လုပ်ပါ . . . (မှန်ပါ့ဘုရား)။

## သစ္စာသိအောင်လုပ်လိုက်ပါ

သစ္စာသိအောင် တခြားမှမဟုတ်ဘဲ ဦးခင်မောင်ရာ . . . ဖြစ်ပျက်မြင်ရင် ဘာတုံးဗျာ . . . (ဒုက္ခသစ္စာပါဘုရား)။

အေး. . . ဒါကြောင့် တစ်နေ့ကလည်း ပြောခဲ့ပါတယ်၊ အဋ္ဌကထာတွေ ကိုးပြီးပြောခဲ့ပြီးပါပြီ၊ ဒါကြောင့် ဒကာဒကာမတွေ သစ္စာသိအောင် လုပ်လိုက်ပါဆိုတာဖြင့် ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်ခန္ဓာကိုယ်ထဲမှာ အိမ်ကျတော့စိုက်ကြည့်၊ အိမ်ကျတဲ့အခါကျတော့ ထိုင်ကြည့်၊ အခု တရားပွဲထဲလည်း ခင်ဗျားတို့ ကြည့်တာပေါ့ . . . (မှန်ပါ့ဘုရား)။

ထိုင် ကြည့်ပြီးသကာလ ဟိုကရွရွ၊ ဒီကရွရွ လာလို့ ရှိရင်လည်း ဩော်. . . အရင်ကဟာ မဟုတ်ပါကလား၊ ဒါအခုမှ ပေါ်လာတာပါကလားဆိုပြီး အဲဒီရွရွကလေးဟာလည်း ဖောက်ပြန်ပျက်စီးတဲ့ ဒုက္ခသစ္စာပဲ . . . (မှန်ပါ့) ယားတာကလေးဟာလဲ . . . (ဖောက်ပြန်ပျက်စီးတဲ့ ဒုက္ခသစ္စာပါပဲ)၊ နာတာကလေးတွေကကော . . . (ဖောက်ပြန်ပျက်စီးတာပါဘုရား)။

မြင်တာကလေးတွေကလည်း အခုမှမြင်တာ ဒကာဒကာမတို့ အရင်မြင်တာတွေ မရှိတော့ပါဘူး . . . ဒါကလေးကလည်း ဘာပါလိမ့် . . . (ဖောက်ပြန်ပျက်စီးတာပါဘုရား)။

## ကြားစိတ်

နားထဲ ကြားစိတ်ကလေးတွေကလည်း ကြားပြီးတော့ ရှိသေးရဲ့လား . . . (မရှိပါဘုရား) သူလည်း ဘာဖြစ်သွားပါလိမ့် . . . (ဖောက်ပြန်ပျက်စီးတာပါပဲဘုရား)။

နှာခေါင်းထဲ နံတဲ့အနံ့ကလေးကြောင့် နံတဲ့ စိတ်ကလေး ပေါ်လာတာလည်း နံပြီးဘာဖြစ်သွားသလဲ . . . (ဖောက်ပြန်ပျက်စီးသွားပါတယ်ဘုရား)။

## နံစိတ်

ဖောက်ပြန်ပျက်စီးသွားပြန်တယ် . . . (မှန်ပါ)၊ မယုံရင် စဉ်းစားကြည့်ပါတဲ့၊ နံတဲ့မွေကလေးဟာ ဒကာ ဒကာမတို့ ဖောက်ပြန်ပျက်စီးသွားတယ်ဆိုတာ သေချာလိုက်တာ ဦးခင်မောင် . . . (မှန်လှပါ) အင်မတန်သေချာတယ် . . . (သေချာပါတယ်ဘုရား)။

နှာခေါင်းထဲမှာ ဃာနာပသာဒရုပ် ဆိုတာကလေး မရှိဘူးလားဗျာ . . . (ရှိပါတယ်ဘုရား) အဲဒါကလေးဟာ ခုနင်ကပြောခဲ့တဲ့ ပါဠိတော်နဲ့ ကိုက်ကြည့်မယ်ဆိုလို့ရှိရင် သူဟာ ငကန်းကိုးဗျ . . . (မှန်ပါ) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒကာ ဒကာမတို့ အဲဒီ ဃာနပသာဒရုပ်ဟာကော ဘာဖြစ်သွားပါလိမ့် . . . (ဖောက်ပြန်ပျက်စီးသွားပါတယ်) နှာခေါင်းထဲမှာပဲ ဖောက်ပြန်ပျက်စီးသွားတယ် . . . (မှန်ပါဘုရား)။

ဒီနေရာ ဗိုင်းဗိုင်းလဲ သေကြတာပဲ . . . (မှန်ပါ) တခြားမှာ သေကြတာလား၊ နှာခေါင်းထဲမှာ ဗိုင်းဗိုင်းလဲ သေကြတာလား . . . (နှာခေါင်းထဲမှာ ဗိုင်းဗိုင်းလဲ သေကြပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ပင်ကို သဘောကို ရုပ်ကလည်း ရုပ်သဘောစွန့်၊ နာမ်ကလဲ . . . (နာမ်သဘောစွန့်)

နာမ်သဘောစွန့်သောကြောင့် ဘာသစ္စာ ဖြစ်သွားကြသလဲ . . . (ဒုက္ခသစ္စာဖြစ်သွားပါတယ်ဘုရား)။

## ရုပ်နဲ့နာမ်နဲ့တွဲမရှုပါနဲ့

အဲ. . . အဲဒီတော့ ရုပ်နဲ့နာမ်နဲ့ တွဲမရှုပါနဲ့၊ တစ်ခုခုနာမ်ကိုပဲ ဖိရှုပါ. . . . (မှန်ပါ့ဘုရား)။

ဃာနဝိညာဏ် စိတ်ကလေးပဲ တွဲရှုလိုက်တဲ့အခါကျတော့ ဖောက်ပြန်ပျက်စီးသွားကြတယ်ဆိုတာမပေါ်လာဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

အဲဒါဖြင့် ခုမှ ပေါ်လာတာကလေးပါကလား . . . (မှန်ပါ့) ဒကာ ဒကာမတို့ - နံတဲ့စိတ်ကလေးဟာ အရင်က ပေါ်တာလား၊ ခုမှ ပေါ်တာလား . . . (ခုမှ ပေါ်တာပါဘုရား)။

အဲဒါကြောင့် '**ဃာနဥ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိဃာနဝိညာဏံ**' ဆိုတော့ သူ သခင်္ခါရတရားကလေးပေါ့ဗျာ . . . (မှန်ပါဘုရား)။

ဃာနပသာဒရုပ်နဲ့ ဂန္ဓာရုံပေါင်းပြီး အနံ့နဲ့ ပေါင်းပြီး ပေါ်လာခြင်းကြောင့် နှစ်ခုပေါင်းပြီး ပြုပြင်လိုက်လို့ ပေါ်လာသောကြောင့် ဃာနဝိညာဏ်စိတ်ကလေး ဖြစ်ပါတယ် . . . (မှန်ပါ့ဘုရား)။

## ပေါ်ပြီးပျက်သွားတယ်

အဲဒီ ဈာနစိတ်ဝိညာဏ်စိတ်ကလေးသည်ကားလို့ဆိုရင် ပေါ်ပြီး ပျက်သွားတာပဲ . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ သူ့ဖောက်ပြန်ပျက်စီးသောကြောင့် ဘာသစ္စာ. . . (ဒုက္ခသစ္စာပါဘုရား)။

အဲဒါကလေး မြင်လို့ရှိရင်ဖြင့် ဩော်. . . သူသည်ကား ဖောက်ပြန်ပျက်စီးသွားပြီ၊ ပီဠနဋ္ဌော = ညှာတာမဘက် အမြဲ နှိပ်စက်တတ်တဲ့တရားကလေးပါကလား၊ ဖောက်ပြန် ပျက်စီးပြီး သူကိုယ်တိုင် သေပါပေါ့ကလား၊ ဖြစ်ဒုက္ခ, ပျက်ဒုက္ခ နဲ့ပဲ ကွဲနေတဲ့ တရားပါကလား၊ ဖြစ်ဒုက္ခ, ပျက်ဒုက္ခ တရားပါက လားလို့ဆိုတာကော မသေချာဘူးလား. . . (သေချာပါတယ် ဘုရား)။

အဲဒါကလေးတွေ မြင်အောင် ကြည့်တော့ ဖြစ်ပျက် သမ္ဗျ သခိရ ဒုက္ခသစ္စာမှတ်. . . (မှန်ပါ့ဘုရား)။

ဒီမဂ္ဂင်နဲ့ကြည့်လိုက်တဲ့အခါ ဘာတွေမြင်ကြတာတုံး . . . (ဖြစ်ပျက်ဒုက္ခသစ္စာတွေမြင်ပါတယ်ဘုရား)၊ ဒုက္ခသစ္စာ တွေမြင်လိုက်တယ်နော်. . . (မှန်ပါ့ဘုရား)။

အဲဒီဥစ္စာကိုတဲ့ ဒီလိုအမြဲတမ်း ဒကာ ဒကာမတွေက စိတ်ပေါ်ရာလိုက်ရှု ဝေဒနာကြိုက်တဲ့ပုဂ္ဂိုလ်က ဝေဒနာပေါ်ရာ လိုက်ရှု. . . (မှန်ပါ့)၊ ရုပ်ပေါ်တဲ့ပုဂ္ဂိုလ်က ရုပ်ပေါ်ရာလိုက်ရှု၊

နိဗ္ဗာန်ဝင်တော့ ဖြစ်ပျက်ချုပ်ငြိမ်းပြီးဝင်ကြမှာပဲ. . . (မှန်ပါ့)၊ သစ္စာမှာသွားဝင်တာပဲ. . . (မှန်ပါ့ဘုရား)။

## စင်စစ်တော့ဖြစ်ပျက်မြင်စေချင်တာပဲ

ရုပ်ကြည့်တာလည်း ရုပ်ကြည့်ဖို့မဟုတ်ပါဘူး ဒကာ ဒကာမတို့ ရုပ်ကယ်လို့ ထင်ရှားအောင်လို့ ပြောတာပါ၊ စင်စစ် တွေ့စရာကတော့ ဖြစ်ပျက်မြင်စေချင်တာပဲ. . . (မှန်ပါ့ ဘုရား)။

ဝေဒနာရှုဆိုတာကော. . . (ဝေဒနာဖြစ်ပျက်ကို မြင်စေချင်တာပါဘုရား) ဖြစ်ပျက်မြင်စေချင်တာပဲ. . . (မှန်ပါ့ ဘုရား)။

ဒါဖြင့်. . . သစ္စာမြင်စေချင်တာပေါ့ဗျာ. . . (မှန်ပါ့)၊ ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)။

စိတ်ရှုဆိုတာလည်း စိတ်ရှုစေချင်တာလား ဖြစ်ပျက် သစ္စာမြင်စေချင်တာလား. . . (ဖြစ်ပျက်သစ္စာမြင်စေချင်တာပါ ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ကြိုက်ရာတစ်ခုခုတော့ ဖြင့် **ကာယာနုပဿနာ, ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာ**ဆိုတဲ့အတိုင်း အနုပဿနာလေးပါးကိုလည်း ဘုန်းကြီး ခဏခဏပြောလို့ရှင်းလည်းရှင်းလောက်ပါပြီ၊

ကြိုက်ရာတစ်ခုခု ဖိပြီးရှုပါ. . . (မှန်ပါ့)၊ ရှုလိုက်ရင် သစ္စာဆိုက်သွားတာပဲ. . . (ဆိုက်ပါတယ်ဘုရား)။

## ရှုလိုက်ရင်သစ္စာဆိုက်သွားတာပဲ

ရှုလိုက်ရင် ဘယ့်နှယ်ဆိုကြမယ်. . . (သစ္စာဆိုက်ပါတယ်ဘုရား)၊ သစ္စာဆိုက်သွားတာပဲဆိုတာ သဘောပါပလား. . . . (ပါပါပြီဘုရား)။

ဒါဖြင့် ခုနင်က သံပေါက်ကဘာတဲ့. . . (ဖြစ်ပျက်သမ္မုသဏ်ရဒုက္ခသစ္စာမှတ်)၊ ၃-ခေါက်ဆို၊ ၃-ခေါက်ဆို. . . (၃-ခေါက်ဆိုကြသည်)။

"ဖြစ်ပျက်သမ္မုသဏ်ရ၊ ဒုက္ခသစ္စာမှတ်"
"ဖြစ်ပျက်သမ္မုသဏ်ရ၊ ဒုက္ခသစ္စာမှတ်"
"ဖြစ်ပျက်သမ္မုသဏ်ရ၊ ဒုက္ခသစ္စာမှတ်"

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ ဩော်. . . ငါတို့ဖြစ်ပျက်ကလေးပဲ မြင်နေသေးတယ်ဆိုမလား. . . သစ္စာဆိုက်နေပြီဆိုကြမလား. . . (သစ္စာဆိုက်နေပါပြီဘုရား)၊ မကြာတော့ဘူး မကြာတော့ဘူး၊ ဒကာ ဒကာမတို့. . . ခရီးပေါက်တော့မယ်. . . (မှန်ပါ့ဘုရား)၊ ဒါဖြင့် မြင်အောင်သာရှုနေ၊ ဖြစ်ပျက်မြင်လာလိမ့်မယ် ဒကာ ဒကာမတို့နော်. . . (မှန်ပါ့)။

## ၂။ သင်္ခါရတွင် ငါကောင်ထင်ခင်မင်သမုဒယမှတ်

ကိုင်း. . . ဒီလို မြင်နေလို့ရှိရင်တော့ ဒါ. . . ဒကာ ဒကာမတို့ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ မြင်တာက. . . (မဂ္ဂသစ္စာပါဘုရား)၊ အေး. . . လောကီမဂ္ဂသစ္စာပဲထားဦးတော့ နောက်တော့လောကုတ္တရာဖြစ်လာမှာပေါ့ဗျာ. . . (မှန်ပါ့)၊ ဒါဖြင့် သင်္ခါရတွင် ငါကောင်ထင် ခင်မင်သမုဒယမှတ်. . . (မှန်ပါ့)၊ မနေ့က ဖြစ်ပျက်ရေးလိုက်တယ်၊ ဖြစ်ပျက် ဖျက်လိုက်ကြ ပါ ဒကာ ဒကာမတို့နော်. . . (မှန်ပါ့)၊ သင်္ခါရတွင် ငါကောင်ထင်၊ ခင်မင်သမုဒယမှတ်၊ သင်္ခါရချင်းစပ်သွားအောင်လို့ ဦးခင်မောင်ရေ. . . (မှန်ပါ့)။

သင်္ခါရကို ငါထင်ရင် ဘာတဲ့တုံး. . . (ခင်မင်သမုဒယပါဘုရား)။

ခင်မင်သမုဒယမှတ်. . . (မှန်ပါ့ဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

"သင်္ခါရတွင်ငါကောင်ထင်ခင်မင်သမုဒယမှတ်"
"သင်္ခါရတွင်ငါကောင်ထင်ခင်မင်သမုဒယမှတ်"
"သင်္ခါရတွင်ငါကောင်ထင်ခင်မင်သမုဒယမှတ်"

ဘုန်းကြီး သုံးခေါက်ဆိုပြမယ်. . . (သုံးခေါက်ဆိုပြပါသည်)။

ဒါတွေဟာ သင်္ခါရတွေပဲ. . . (မှန်ပါ့)၊ ရုပ်နာမ်ဓမ္မ သင်္ခါရဆိုတာ ခင်ဗျားတို့ကြားဖူးပါတယ်. . . (ကြားဖူးပါတယ်ဘုရား)။

အဲဒီ သင်္ခါရတွေကိုတဲ့၊ ဩော်. . . ငါ ဘာဖြစ်ပါလိမ့်မတုံး ငါဘာဖြစ်ပါလိမ့်မတုံးဆိုလို့ရှိရင်ဖြင့် သမုဒယသစ္စာဖြစ်ပြီတဲ့. . . ဒကာ ဒကာမတို့။

## သမုဒယသစ္စာကတဏှာ

သမုဒယသစ္စာဖြစ်တော့ သမုဒယသစ္စာက တဏှာမနေလား. . . (နေပါတယ်ဘုရား)၊ တဏှာပြီးရင် ဘာလာမယ်. . . (ဥပါဒါန်လာပါမယ်ဘုရား)၊ ဥပါဒါန်ပြီးရင် ဘာလာမယ်. . . (ကမ္မဘဝလာပါမယ်ဘုရား)၊ ကံလာပြီးရင် နောက်အနာဂတ်ဘဝ ဘာလာမယ်. . . (ဇာတိလာပါမယ်ဘုရား)၊ ဇာတိ ဇရာ မရဏ မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

ဩော်. . . ခင်ဗျားတို့ သစ္စာလည်းကွယ်ပါရော ဘဝဆက်သွားပြီ. . . (မှန်ပါ့ဘုရား)၊ သစ္စာကွယ်တာနဲ့ ဘာဖြစ်သွားသလဲ. . . (ဘဝဆက်သွားပါတယ်ဘုရား)၊ ဒါကြောင့် ဩော်. . . သင်္ခါရတွင် ငါကောင်ထင် ခင်မင်သမုဒယမှတ်ဆိုတာ သူသာပေါ်လာလို့ရှိရင်ဖြင့် သံသရာဆက်ပြီ. . . (မှန်ပါ့ဘုရား)။

## သင်္ခါရကို ငါထင်ရင် ဒိဋ္ဌိနဲ့တဏှာ

မောင်ကိုတို့ = ဘယ့်နှယ်နေသတုံးဟေ့. . . (သံသရာဆက်ပါပြီဘုရား)၊ ဒီသင်္ခါရကို ငါထင်တယ်ဆိုတော့ ဒိဋ္ဌိနဲ့ တဏှာဖြစ်လာပြီကော. . . (မှန်ပါ့ဘုရား)၊ တဏှာပစ္စယာ. . . (ဥပါဒါန်ပါဘုရား)၊ ဒိဋ္ဌိဖြစ်လည်း ဒိဋ္ဌိပစ္စယာ-ဒိဋ္ဌုပါဒါန်ပဲ . . . (မှန်ပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)။

ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံကော မလာနိုင်ဘူးလား. . . (လာနိုင်ပါတယ်ဘုရား)၊ ကဲ-ကံကုန်လို့သေတော့ နောက်အနာဂတ်ဘဝ ဘာဖြစ်လာသလဲ. . . (ဇာတိ ဇရာ မရဏ ဖြစ်လာပါတယ်ဘုရား)၊ ဇာတိ ဇရာ မရဏ ပရမ်းပတာကျပြီဦးခင်မောင် . . . (မှန်ပါ့)၊ ကဲ ဒကာသစ်တို့ ဘာဖြစ်ပါလိမ့် . . . (ပရမ်းပတာ ဖြစ်ပါတယ်ဘုရား)။

ဒီ ဇာတိ ဇရာ မရဏဟာ ခွေးဖြစ်မှာလား ငရဲကောင်လား မပြောတတ်ဘူး. . . (မှန်ပါ့ဘုရား)၊ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ဒီဥစ္စာ လာပါလိမ့်မလဲ ခွေးတွေ ငရဲကောင်တွေ လာပါလိမ့်မတုံးလို့မေးတော့ သင်္ခါရငါကောင်ထင်ပစ်လိုက်လို့. . . (မှန်ပါ့ဘုရား)၊ သင်္ခါရ ငါကောင့်ထင်လိုက်တော့ ဒိဋ္ဌိဖြစ်သွားတယ်. . . (မှန်ပါ့)၊ သဘောပါကြလား . . . (ပါပါတယ်ဘုရား)။

## အကျိုးပေးကသိပ်ဆိုးတယ်

ဒါကြောင့် သင်္ခါရတွင် ငါ့ကောင်ထင် ခင်မင်သမုဒယ မှတ်ဆိုတာ အပြောက သံပေါက်ကလွယ်သလောက် ဒီမှာ အကျိုးပေးက သိပ်ဆိုးတယ်. . . (မှန်ပါ့ဘုရား)၊ မဆိုးကြဘူး လား. . . (ဆိုးပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာ နေ့တိုင်းလိုလိုပဲ ဒါ. . . ငါ့သား ကလေးပဲ-ဒါ. . . ငါ့သမီးလေးပဲ၊ သင်္ခါရကို ငါကောင် ချည့် ထင်နေတာပဲ၊ ငါနဲ့ချည်းတွဲနေတယ်. . . (မှန်ပါ့)၊ ဒါကလေး ဘာတော်သတုံး၊ ဒါကလေး ကျုပ်သားကလေးပဲ၊ ကြီးတဲ့ ပုဂ္ဂိုလ်ကဖြင့် ဒါ. . . ငါ့ကလေးပါကွာ၊ ငါ့သမီးကလေး ပါ၊ ဒီဘက်က ဘာတော်သတုံး. . . ဒီဟာက ငါ့ခင်ပွန်းမ ပါကွာ၊ အစရှိသည်နဲ့ သင်္ခါရတွေ ဘာချည်းထင်နေသတုံး . . . (ငါချည်းထင်နေပါတယ်ဘုရား)။

အဲဒီတော့ ဒီမှာ ဘာသစ္စာလာသတုံး. . . (သမုဒယ သစ္စာလာပါတယ်ဘုရား)၊ သမုဒယသစ္စာလာတော့ သမုဒယ သစ္စာကို နာမည်ပေးလိုက်တော့ တဏှာဖြစ်ပါတယ်. . . (မှန်ပါ့)။

## သစ္စာမသိလို့သံသရာရှည်တာ

တဏှာက ကျေးဇူးပြုလိုက်တော့. . . (ဥပါဒါန်ပါ ဘုရား)၊ ဥပါဒါန်က ကျေးဇူးပြုလိုက်တော့. . . (ကမ္မဘဝပါ

ဘုရား)၊ ကဲကနေ ကျေးဇူးပြုလိုက်တော့. . . (ဇာတိ ဇရာ မရဏာပါဘုရား)၊ ဩော်. . . သစ္စာမသိလို့ သံသရာရှည်သွားတာ ယခု ဒီဘဝကနေပြီး အနာဂတ်ဘဝက ဘယ်နှစ်ဘဝများလာမယ်ဆိုတာ ဆိုနိုင်ကြရဲ့လား. . . (မဆိုနိုင်ပါဘုရား)၊ အင်မတန် မများဘူးလား. . . (များပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ဒီဥစ္စာ သခ်ါရတွင်ငါကောင်ထင် ခင်မင်သမုဒယမှတ်ဆိုတာ မဖြစ်ကောင်းတာ၊ ပယ်ရမည့်တရား. . . (မှန်ပါ့ဘုရား)၊ ရှင်းပြီနော်. . . (ရှင်းပါပြီ)၊ ကဲ . . . ၃-ခေါက်ဆိုကြစမ်း . . . (၃-ခေါက်ဆိုသည်)။

## အလုပ်ခွင်ကိုမြန်မြန်ဝင်ပါ

အဲဒါက စာရဖို့ထက် ဒကာဝတို့ မောင်ကိုတို့က ဩော် . . . အလုပ်ခွင်ကို မြန်မြန်ဝင်မှ ဒီအတိုင်းသာဆိုလို့ရှိရင် ခင်ဗျားတို့ ဒါ. . . သားပဲ၊ သမီးပဲ၊ တူမပဲဆိုတာ အမြဲထင်နေတာပဲ ဟုတ်မှဟုတ်ကဲ့လား. . . မေးလို့ရှိရင် မိုးကြိုးပစ်တောင် ကျိန်လိမ့်ဦးမယ် ခင်ဗျားတို့က. . . (မှန်ပါ့ဘုရား)။

မကျိန်ပေဘူးလား. . . ကျိန်မလား. . . (ကျိန်ပါတယ်ဘုရား)၊ ဘယ်လောက်ထိအောင် ဒိဋ္ဌိပါဒါန်စွဲတယ်ဆိုတာ မိုးကြိုးပစ်ကျိန်ပြောတယ်. . . (မှန်ပါ့ဘုရား)၊ ဘယ်နေ့ ဘယ်ရက်ကမွေးဖွားတာ. . . (မှန်ပါ)၊ တစ်ခါတည်း မိုးကြိုးပစ်ကျိန်လိုက်တယ်. . . ဦးခင်မောင်. . . (မှန်ပါ့)။

ဒါမွေးစားတာကလေးလားလို့ မေးရင် ကြိုက်ကဲ့လား . . . (မကြိုက်ပါဘုရား)၊ ဘာဖြစ်နေသလဲ ဒိဋ္ဌုပါဒါန်ဖြစ်နေတယ်. . . (မှန်ပါ့)၊ ဘာဖြစ်ကြပါလိမ့်. . . (ဒိဋ္ဌုပါဒါန်ဖြစ်နေကြပါတယ်ဘုရား)။

ဒိဋ္ဌုပါဒါန် ဖြစ်နေတော့ ဒိဋ္ဌိက တဏှာပဲမဟုတ်လား . . . (မှန်ပါ)၊ တဏှာပစ္စယာ. . . (ဥပါဒါန်ပါဘုရား)၊ ဥပါဒါနပစ္စယာ. . . (ကမ္မဘဝေါပါဘုရား)၊ ဟော တစ်ခါတည်း လူတစ်ယောက်က မေးလိုက်လို့ရှိရင် ခင်ဗျားတို့က ကံမြောက်ပြီ (မှန်ပါဘုရား)၊ ကံမြောက်ကို ဖြစ်ဖြစ်သွားတယ် . . . (မှန်ပါ့) . . . မဖြစ်ဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

## ဘာများတော်သတုံး

အဲဒီတော့ သေတော့မှ ဇာတိ ဇရာ မရဏ မလာပေဘူးလား . . . (လာပါတယ်ဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ကို မမေးဝံ့ပါဘူးဗျာ မတော် ကံမြောက်သွားမှာစိုးလို့ . . . (မှန်ပါ့)၊ ဒါ ဘာတော်သတုံးလို့ကို မမေးရဲဘူး . . . (မှန်ပါ့)။

မေးလိုက်လို့ရှိရင် ခင်ဗျားတို့က ကံမြောက်သွားမှာကိုး . . . (မှန်ပါ့)၊ ဒိဋ္ဌိ, ဒိဋ္ဌုပါဒါန်, ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ မလာပေဘူးလား . . . (လာပါတယ်ဘုရား)၊ သဘောပါကြပလား . . . (ပါပါပြီဘုရား)။

အဲဒါ သင်္ခါရကို ဘာထင်လိုက်သတုံး . . . (ငါထင်လိုက်တာပါဘုရား)၊ အဲ . . . သင်္ခါရကို ငါကောင်ထင်ပစ်လိုက်တာ ဒီတဏှာက . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီ)၊ သင်္ခါရတွင် ငါကောင်ထင် ခင်မင်သမုဒယဆိုတော့ တစ်ခါတည်း ပဋိစ္စသမုပ္ပါဒ်က တန်းထွက်သွားတာပဲ . . . (တန်းထွက်သွားပါတယ်ဘုရား)၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

## သစ္စာတရားမနာရလို့

အဲဒါ ဒကာ ဒကာမတွေက အိမ်မှာနေတော့ မသိတော့ ဒီလိုသစ္စာတရားတွေလည်း ဆရာတော်သမားတော်တွေ ဟောတာလဲ မနာရတော့ ဘယ့်နှယ်ဖြစ်နေသတုံး ကျုပ်တို့ အိမ်မှာကောင်းကောင်းနေတာ ဘယ်သူ့ပစ္စည်းမှ မခိုးဘူး၊ လိမ်လဲမလိမ်ဘူး၊ ကောက်လဲမကောက်ဘူး၊ ကျုပ်တို့တော့ဖြင့် ဘာမှ လုပ်စရာမလိုပါဘူး။

ဩော် . . . ဘာမှတော့ လုပ်စရာမလိုပါဘူး၊ အပါယ်သွားနေတာကတော့ သေချာတယ်လို့ ပြောရမှာပဲ . . . (မှန်ပါ့ဘုရား)၊ ရိပ်မိပလား . . . (ရိပ်မိပါပြီ)၊ ဘာမှတော့ လုပ်စရာမလိုပါဘူး၊ သူ့ဟာသူ သွားပါလိမ့်မယ် . . . (မှန်ပါ့)၊ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

## သီလစခန်းနဲ့ပြောနေတာ

ဒါက မနောကံမှာဖြစ်နေတာ၊ သူပြောတာက ကာယကံ ဝစီကံကလေး သီလစခန်းကလေး ပြောနေတာ၊ ဘာဝနာစခန်း က အချိန်တိုင်း အချိန်တိုင်း ဖွက်ပေါက်နေတာ သိရဲ့လား . . . (မသိပါဘုရား)၊ သဘောပါကြပလား . . , (ပါပါတယ်ဘုရား)။

ဪ . . . ဒါကြောင့် မသိတော့ ဦးခင်မောင် ကိုယ့် ဟာကလေးနဲ့ ကိုယ်ပြောသံကြားနဲ့ တင်းတိမ်နေတဲ့ အသွား ဟာလဲ အတော်ဆိုးသနော် . . . (ဆိုးပါတယ်ဘုရား)။

အခု ဘာဝနာစခန်းကတော့ ဒါဘာတော်သတုံး မေးကြည့်မယ်၊ ဦးခင်မောင် ခင်ဗျားအနားက ကလေး ကလေး ဟာ ဘာတော်သတုံးမေးလို့ရှိရင် တပည့်တော်သားပေါ့ဘုရား . . . (မှန်ပါ့)။

ဘယ်နေ့ဘယ်ရက်ကတုံး၊ ဟာ ဘယ်နေ့ ဘယ်ရက် ကပေါ့ဘုရား၊ ဒီကလေးအတွက်များ ခင်ဗျား စိတ်ချ လက်ချ ရှိရဲ့လားလို့မေးတော့ မရှိသေးပါဘူးဆိုတော့ တကယ်တမ်း ခင်နေတာ . . . (မှန်ပါ့)၊ ဘာသစ္စာဖြစ်နေသလဲ . . . (ဒုက္ခ သစ္စာဖြစ်နေပါတယ်ဘုရား)။

## ပဋိစ္စသမုပ္ပါဒ်လည်နေတယ်

ခင်တယ်လေ၊ သမုဒယသစ္စာဖြစ်နေတော့ တဏှာ ဥပါဒါန်ကံက မလာဘူးလား . . . (လာပါတယ်ဘုရား)။

အင်း ဥပါဒါန်က ဒီကလေးအတွက် ခက်သေးတယ်လို့ ညည်းလာလို့ရှိရင် ဥပါဒါန်ကြောင့်ဗျာ . . . (မှန်ပါ)။

စားဖို့ သောက်ဖို့ သူ့ကျောင်းလခ ပြည့်စုံဖို့တော့ဖြင့် တစ်နေရာရာမှ အထည်ကလေးတော့ လုပ်ထားဦးမှပဲဆိုတဲ့ ကာယကံ ဝစီကံတွေကော . . . (ပါပါတယ်ဘုရား)။

ကိုင်း . . . ဒကာ ဒကာမတို့ တကယ် သင်္ခါရကို ငါကောင်ထင်လိုက်ပြီဆိုမှဖြင့် ပဋိစ္စသမုပ္ပါဒ်ဖြတ်လို့ ရသေးရဲ့လား . . . (မရပါဘုရား)။

## သစ္စာသိရင်လက်သည်းပေါ်တင်တဲ့ မြေမှုန့်

ကဲ. . . ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက လက်သည်းပေါ်တင်တဲ့ မြေမှုန့်ပြလိုက်တယ်ကွာတဲ့၊ သစ္စာသိတဲ့ ပုဂ္ဂိုလ်များမှာ လက်သည်းမှာမှ ဒကာ ဒကာမတို့ အသားရှေ့ထွက်နေတဲ့ လက်သည်းကြားကလေးပေါ့ဗျာ . . . (မှန်ပါ့)။

အဲဒီပေါ်မှာ ဘုရားက တန်ခိုးနဲ့ မြေမှုန့်ကလေးတင်ပြီး ညီတော်အာနန္ဒာ ဒီပေါ်မှာရှိတဲ့ မြေမှုန့်နဲ့ ဘယ်ဟာများသတုံးဆိုတော့ . . . (မနှိုင်းယှဉ်လောက်ပါဘုရား)။

## သစ္စာမသိရင်အောက်ကမြေမှုန့်တွေ

အေး . . . ဒီလိုပဲ သစ္စာမသိလို့ အပါယ်သွားတဲ့ ပုဂ္ဂိုလ်ဟာ အောက်မြေမှုန့်ထက် များတယ်ဆိုတာ ထင်ရှားနေပြီ . . .

(မှန်ပ့ါ)၊ မထင်ရှားသေးဘူးလား . . . (ထင်ရှားပါတယ်ဘုရား)။

အဲဒီတော့ တပည့်တော်တို့ ဘာအပြစ် ရှိသေးသတုံး မေးဦးမလား . . . (မမေးပါဘုရား)၊ မေးစရာများကော လိုသေးသလား . . . (မလိုပါဘုရား)။

ဒီအပြစ်တွေရှိတယ် ဒကာ ဒကာမတို့ရဲ့ ငါကောင်ထင်တဲ့ အပြစ်တွေက မနည်းဘူး . . . (မှန်ပ့ါ)၊ ဘယ့်နှယ်ဆိုကြပ့ါမယ် . . . (ငါကောင်ထင်တဲ့အပြစ်တွေက မနည်းပါဘုရား)။

ငါကောင်ထင်တဲ့အပြစ်တွေက ဒကာ ဒကာမတို့ တစ်နေ့ဘယ်နှခါသင့်သတုံး . . . (မရေမတွက်နိုင်ပါဘုရား)၊ မရေတွက်နိုင်တော့ ပဋိစ္စသမုပ္ပါဒ်ကံမြောက်အောင် ဘယ်နှခါ လာသတုံး . . . (မရေမတွက်နိုင်ပါဘုရား)။

## ဒီကံတွေ တဏှာကစုထားတယ်

ဒါကြောင့်မို့ တစ်နေ့ကပြောတယ်၊ ဒီကံတွေ ဘယ်သူ စုထားသတုံးလို့မေးတဲ့အခါ ဒီတဏှာက စုထားတယ် . . . (မှန်ပ့ါ)၊ ဒီကံတွေ ဘယ်သူက စုထားသတုံး . . . (တဏှာက စုထားပါတယ်ဘုရား)။

အင်း . . . ခင်ဗျားတို့က ဒယ်အိုး တစ်လုံးတည်းမှာ နေလိုက်ကံက ပစ်ချလိုက်တော့နော် . . . (မှန်ပ့ါ)၊ နောက်က ဟိုကလွတ်ခါနီးတဲ့အခါကျတော့ ဒီ စုထားတဲ့ တဏှာက ကံတစ်ခု လွှတ်လိုက်ပြန်တာပဲ . . . (မှန်ပ့ါ)၊ ကျွတ်ရင်း

လွှတ်ရင်း လွှတ်မြောက်ရေးပါသေးရဲ့လား . . . (မပါပါဘုရား)။

အဲဒီတော့ခင်ဗျားတို့ သစ္စာမသိဘဲနဲ့ တိမ်းသွားမယ်ဆိုရင် ကိုယ်ကျိုးလုလုကြီး နည်းပြီ . . . (မှန်ပါ့)၊ မနည်းသေးဘူးလား . . . (နည်းပါပြီဘုရား)။

## အမြန်လုပ်မှတော်မယ်

အဲဒီတော့ ဒါ ဖြည်းဖြည်းလုပ်မှဆိုလို့တော်မလား၊ အမြန်လုပ်မှတော်မလား . . . (အမြန်လုပ်မှ တော်ပါ့မယ်ဘုရား)။

ဒါ ဆရာဘုန်းကြီး တိုက်တွန်းတာလို့ ခင်ဗျားတို့ လေးစားစွာမှတ်ပါ၊ ခင်ဗျားတို့ ကိုယ်ခန္ဓာက အသေဘက်ကို ပြေးနေလို့ . . . (မှန်ပါ့)၊ အနာဘက်ကိုကော . . . (ပြေးပါတယ်ဘုရား)။

အဲဒီတော့ ပြေးနေတဲ့ ခန္ဓာကိုယ်ဟာ နောက်ဆွဲထုတ်လို့ တစ်လှမ်းများရရဲ့လား . . . (မရပါ)၊ အဲ . . . မရတဲ့အတူတူဖြင့် ပြေးရင်း လွှားရင်း မြန်မြန်လုပ် . . . (မှန်ပါ့)။

ခန္ဓာကိုယ်က နေ့တိုင်းသွားတဲ့ အလုပ်က ဘယ်မှာတုံး . . . (သုသာန်ပါဘုရား)၊ နေ့တိုင်းသွားတဲ့အလုပ်က ကိုယ့်အိမ်ပြန်တယ်ဆိုပေမယ့်လဲ ဒီကထက် အိမ်ရောက်တာက သုသာန်နဲ့ နီးတယ် . . . (မှန်ပါ့)။

အဲဒီတော့ ဦးခင်မောင်ရေ သုသာန်သွားတာက မမှန်ဘူးလား . . . (မှန်ပါတယ်)၊ အဲ . . . ခန္ဓာကိုယ်ကြီး နေ့တိုင်းအလုပ်က ဘာပါလိမ့် . . . (သုသာန်သွားတဲ့ အလုပ်ပါဘုရား)၊ အဲဒီသွားရင်း မြန်မြန်လုပ်လိုက်ပေတော့ . . . (မှန်ပါ့)။

## သုသာန်သွားရင်းမြန်မြန်လုပ်ပါ

ဘယ်လိုမှာပါလိမ့် . . . (သုသာန်သွားရင်း မြန်မြန်လုပ်ပါ)၊ တားလို့ကလဲ မရဘူး ဦးခင်မောင်ရေ . . . (မှန်ပါ့)။

တားလို့ကကော . . . (မရပါဘုရား)၊ မရတော့ဘယ်လိုအချိန်လုပ်ရမှာပါလိမ့် . . . (သုသာန်သွားရင်း မြန်မြန်လုပ်ရမှာပါဘုရား)၊ သုသာန်သွားရင်း လုပ်ရမှာ . . . (မှန်ပါ့)။

ဒကာ ဒကာမတို့ ဘယ်အချိန် လုပ်ရမှာတုံး . . . (သုသာန်သွားရင်း လုပ်ရမှာပါဘုရား)၊ သုသာန်သွားရင်း လုပ်ရမှာဆိုတာ သေချာပလား . . . (သေချာပါပြီဘုရား)။

ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ ပြောနေတဲ့စကား၊ ဒကာဖြင့် ဒကာနှစ်ယောက်၊ ဒကာမဖြင့် ဒကာမနှစ်ယောက်၊ နှစ်ဦး, နှစ်ဝမျှား လက်ဆုံကျပြီး စကားပြောနေတာဘယ်သွားရင်း စကားပြောနေတာတုံး . . . (သုသာန်သွားရင်းစကားပြောနေတာပါဘုရား)။

ဟို . . . ပြောစ, ထက် ပြောလယ်က သုသာန်နဲ့

နီးတယ်. . . (မှန်ပါ့)၊ ပြောလယ်ထက် ပြောဆုံးက . . . (နီးပါတယ်ဘုရား)၊ အဲဒါ ဦးခင်မောင်တို့က မကြိုင်ချင်မှနေရော့ ဘယ်သွားရင်း စကားပြောတာတုံး . . . (သုသာန်သွားရင်း ပြောတာပါဘုရား)။

## သုသာန်သွားရင်းစကားပြောတာ

ညည်းနဲ့ ငါနဲ့ လက်ဆုံကျလိုက်တာဆိုတဲ့ ဒကာ ဒကာမတွေကော စကားပြောနေလို့ရှိရင်ဖြင့် နေပါဦး ထိုင်ပါဦး လို့ စကားပြောကောင်းတုန်းရှိသေးတယ်ဆိုတာ ဘယ်သွားရင်း စကားပြောနေတာတုံး . . . (သုသာန်သွားရင်းပြောတာပါ ဘုရား)။

ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)၊ အဲဒီလောက်သိမှ မြန်မြန်ခွာဖြစ်တယ် . . . (မှန်ပါ့)၊ မှန်ကော မမှန်ဘူးလား . . . (မှန်ပါတယ်ဘုရား)။

ပြောစ, ထက် ပြော်လယ်က သုသာန်နီးပါတယ် . . . (နီးပါတယ်ဘုရား)၊ ပြောလယ်က ပြောဆုံးက . . . (ပိုနီး ပါတယ်ဘုရား)၊ သုသာန်နီးပါတယ်လို့ ဆရာဘုန်းကြီး ဆုံးမ, နေတာ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

အေး . . . ဒါတွေ ပါဠိတော်တွေ ဘာတွေတော့ မရွတ်

ပါဘူးတဲ့၊ နောက် တစ်လှမ်းမှ ပြန်မဆုတ်သေးဘူးကွ . . . သွားရင်းပြောနေတာတဲ့ . . . (မှန်ပါ့)၊ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သင်္ခါရကို ငါကောင်မထင်တဲ့ အလုပ် လုပ်ရလိမ့်မယ် . . . (မှန်ပါ့ဘုရား)။

သင်္ခါရတွင် ငါကောင်ထင် ဘာတဲ့ . . . (ခင်မင်သမုဒယမှတ်) ဟော . . . သမုဒယဆိုတော့ လောဘ မဟုတ်လား . . . (မှန်ပါ့)၊ သမုဒယတရားကို ထောက်လိုက်တော့ ဘာရသလဲ . . . (လောဘပါဘုရား)။

လောဘဆိုရင် တဏှာမဟုတ်လား . . . (မှန်ပါ့)၊ တဏှာပစ္စယာ . . . (ဥပါဒါန်)၊ ဥပါဒါနပစ္စယာ . . . (ကမ္မဘဝေါပါ)၊ ဒါ ဘယ်သူဖြတ်လို့ရမတုံးဗျ . . . (မရပါဘုရား)၊ ငါကောင်သာထင်ပြီးရင် ရပါဦးမလား . . . (မရပါဘုရား)။

ကိုင်း. . . ဘုန်းကြီးတို့ ဒကာ ဒကာမတို့ ဩော် . . . တို့ဟာမသိတော့လဲ မသိသလို တို့နေလိုက်ရတယ်၊ သိပြန်တော့လည်း တို့ပြောသရွေ့ တို့ထင်သရွေ့ဟာဖြင့် ဩော် . . . ကံမြောက်ချည့်လုပ်နေတယ်၊ ဘဝဆက်ဖို့ချည့် လုပ်နေတယ်ဆိုရင် လွဲပါ့မလား . . . (မလွဲပါဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သုသာန်သွားရင်းပဲ ပြင်ကြပါတော့ . . . (မှန်ပါ့)၊ ဘယ်အချိန် ပြင်ရမတုံး . . . (သုသာန်သွားရင်းပြင်ရပါမယ်ဘုရား)။

## ကြီးလာပြီဆိုတာ သုသာန်နဲ့နီးပြီပြောတာ

ဘာဖြစ်လို့တုံးဆိုတော့ သုသာန်သွားတဲ့ အလုပ်ကလည်း ခင်ဗျားတို့ကလည်း ရပ်လို့မရဘူး . . . (မှန်ပါ့ဘုရား)၊ ရပ်လို့ ရကြရဲ့လား . . . (မရပါဘုရား)၊ ကြီးလာပြီလို့ဆိုတာ သုသာန်နဲ့ နီးပြီလို့ပြောတာ . . . (မှန်ပါ့)။

ကြီးတာ ဘာပါလိမ့် . . . (သုသာန်နဲ့ နီးတာပါဘုရား)၊ အဲ . . . ကြီးလာရင် နီးတာပဲ မှတ်လိုက်ပါတော့ဗျာ . . . (မှန်ပါ့)။

ဦးခင်မောင်ရေ . . . ခင်ဗျား ကြီးလှပါပေါ့ ဆိုတာများ ခင်ဗျား သြော် . . . ကျုပ်ဖြင့် ကြီးပြီ၊ ကျုပ် လူလားမြောက် လာပြီလို့ ဒီလိုထင်ကြသလား၊ သုသာန်နဲ့ နီးတာကို ပြောကြတာ လား . . . (သုသာန်နဲ့နီးတာကို ပြောတာပါဘုရား)၊ ရှင်းကြပါ ပြီ . . . (ရှင်းပါပြီဘုရား)။

## ဒိဋ္ဌေလေးမလွန်ပါစေနဲ့

ဒါဖြင့် ဘုန်းကြီးတို့က အခုတိုက်တွန်းနေရတာက ဒကာ ဒကာမတို့ 'ခဏော ဝေါ မာ ဥပစ္စဂါ' ဆိုတဲ့ အတိုင်း ဒီ ခဏကလေး မလွန်ပါစေနဲ့လို့ ဆိုတဲ့ဥစ္စာ အခုကြားရ, နာရတဲ့ ခဏကလေး မလွန်ပါစေနဲ့လို့ဆိုတဲ့ဥစ္စာ ခန္ဓာကိုယ်က သုသာန် သွား မြန်လွန်လွန်းလို့ ဦးခင်မောင်ရေ တိုက်တွန်းရခြင်း ဖြစ်ပါ

တယ်. . . (မှန်ပါ့ဘုရား)၊ ပေါ်ကြပလား . . . (ပေါ်ပါပြီ ဘုရား)။

ကိုင်း . . . ဒါဖြင့် ဘယ်လိုမြင်မှ အမြင်မှန်ရောက်ပါ တုံးလို့၊ အမြင်သာ တပည့်တော်တို့ "ဖြစ်ပျက်သမ္မာသဒ္ဓါရ" "ဒုက္ခသစ္စာမှတ်၊ ဖြစ်ပျက်မှုတွင် ငါကောင်ထင်ခင်မင်သမုဒယ" မှတ်ဆိုတာ ဖြစ်ပျက်မှုတွင် ငါကောင်ထင်လို့ရှိရင် သမုဒယ သစ္စာ ဖြစ်မှန်းသိလို့ ဒါ ပယ်ရလိမ့်မယ်နော် . . . (မှန်ပါ့)၊ အရင် သံပေါက်က ရှုရလိမ့်မယ်နော် . . . (မှန်ပါ့)။

နောက် သံပေါက်က ဘာပါလိမ့် . . . (ပယ်ရမှာပါ ဘုရား)၊ ပယ်ရမှာ၊ ပဟာတဗ္ဗကိစ္စနဲ့ ပယ်ရမယ်၊ မပေါ့စေနဲ့ . . . (မှန်ပါ့)၊ လာလို့ရှိရင်လည်း မြန်မြန်ဖြစ်ပျက်ပြန်ကောက် . . . (မှန်ပါဘုရား)။

ကဲ . . . ဒါဖြင့် ရှေ့သွားကြပါဦးစို့၊ နိဗ္ဗာန်ဆိုတာ ဘာတုံးလို့ ဒကာ ဒကာမတွေက မေးတဲ့အခါကျတော့မှ ဒါက မဂ္ဂင်ငါးပါးဆိုကြပါစို့ဗျာ . . . (မှန်ပါ့)။

မဂ္ဂင်ငါးပါး ဒကာ ဒကာမတွေက ရှုပြီး . . . ဒါကလေး ဝေဒနာဖြင့် ဝေဒနာဖြစ်ပျက်ဖြင့် ဖြစ်ပျက် ဥဒယတဗ္ဗယပဲ၊ ဉာဏ်စဉ်တွေနဲ့ သူ့ဟာသူ ကိုယ့်ဟာကိုယ် ဉာဏ်တွေက တက်သွားမှာပေါ့ဗျာ . . . (မှန်ပါ့)။

## သောတာပတ္တိမဂ်ရလိုက်တာ

အဲ . . . တက်သွားတဲ့အခါကျလို့ရှိရင် ဖြတ်ဆို ဒီရုပ်ရော . . . နာမ်ရော ကိုယ်ရှုတာကတော့ နာမ်ရှုနေတယ်ထားပါဦးတော့ . . . (မှန်ပါ့)၊ ရုပ်ရော. . . နာမ်ရော ဦးခင်မောင်တို့ ဒကာဝတို့ မောင်ကိုတို့ . . . ဖျတ်ဆို ချုပ်သွားတယ် . . . (မှန်ပါ)။

ဒီဉာဏ်ကလည်း ရှုလျက်ပဲ၊ ရှုရင်းမတ္တနဲ့ ဉာဏ်အောက်မှာ သူတို့ပျောက်သွားတယ် . . . (မှန်ပါ့)၊ ဉာဏ်အောက်မှာ သူတို့ပျောက်သွားတဲ့အခါကျတော့ ရုပ်နာမ်အားလုံး ချုပ်သုဉ်းမသွားပေဘူးလား . . . (ချုပ်သုဉ်းသွားပါတယ်ဘုရား)။

အဲဒါ နိရောဓသစ္စာ . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)၊ အဲဒါကျတော့ မဂ္ဂင်ရှစ်ပါး ဒီဟာလည်း ချုပ်ပါရော ဒီကအရင် ငါးပါးက ရှစ်ပါး တစ်ခါတည်း ဖြစ်သွားတယ် . . . (မှန်ပါ့)၊ ရှစ်ပါးဖြစ်သွားတော့ ဒါ သောတာပတ္တိမဂ်ရလိုက်တာပဲ . . . (မှန်ပါ့)။

## ၃။ ရုပ်နာမ်အားလုံးဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်

ဒါ့ကြောင့် ဒကာ ဒကာမတို့ "ရုပ်နာမ်အားလုံး ဖြစ်ပျက်သုဉ်း ချုပ်ဆုံးနိဗ္ဗာန်မှတ်" . . . (မှန်ပါ့)၊ ခင်ဗျားတို့ ချုပ်ဆုံးသည့်တိုင်အောင် ရှုရမယ် . . . (မှန်ပါ့ဘုရား)။

ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်၊ (သုံးခေါက်ဆိုခိုင်းသည်)။

ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်။
ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်။
ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်။

## သူနဲ့တွဲနေတဲ့ ရုပ်တွေပါပျောက်သွားတယ်

ဩော် . . . တို့ဟာ မသေမခြင်း ရှုရမှာ မဟုတ်ပါလား . . . (မှန်ပါ့)၊ တို့ရှုနေတဲ့ဝေဒနာကလေးဟာ ဝေဒနာဖြင့် ဝေဒနာရှုနေတယ်၊ ရုပ်ဖြင့် ရုပ်ရှုနေတယ်၊ ရှုချင်တာရှု၊ တစ်ခုမှတ်ရှု . . . (မှန်ပါ့)။

ရှုလိုက်တဲ့အခါကျတော့ ဒကာ ဒကာမတို့ ဒီကိုယ်ရှုနေတာကလေး ပျောက်သွားတာလို့ မဟုတ်ဘူး၊ သူနဲ့ တွဲနေတဲ့ ရုပ်တွေပါ ပျောက်သွားတယ် . . . (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ် . . . (ရုပ်တွေ ပါပျောက်သွားပါတယ်)၊ ကိုယ်က ရှုနေတာက စိတ်ရှုနေတယ် . . . (မှန်ပါ့)၊ အင်း. . . ကျန်တဲ့စေတသိတ်တွေ ရုပ်တွေကော . . . (ပျောက်သွားပါတယ်ဘုရား)၊ ပျောက်ထွက်သွားတယ်ဆိုတော့ ရုပ်နာမ်အားလုံး ဖြစ်ပျက်သုဉ်းနေတယ် . . . (မှန်ပါ့)၊ ဖြစ်ပျက်ကိုသုဉ်းသွားတယ် . . . (မှန်ပါ့)။

အဲဒါကျလို့ရှိရင်ဖြင့် ချုပ်ဆုံးနိဗ္ဗာန်မှတ်တဲ့၊ ခင်ဗျားတို့ ရုပ်နာမ်အားလုံး ဖြစ်ပျက်သုဉ်းတာကိုသာ မြင်ပစေ၊ မြင်တဲ့ ဉာဏ်ဟာတဲ့ နိဗ္ဗာန်မြင်တဲ့ဉာဏ်လို့ မှတ်လိုက် . . . (မှန်ပါ့ ဘုရား)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

## နိဗ္ဗာန်မြင်တဲ့မဂ်ဉာဏ်

ဘာဉာဏ်ခေါ်ကြမလဲ . . . (နိဗ္ဗာန်မြင်တဲ့ဉာဏ်ပါ ဘုရား)၊ နိဗ္ဗာန်မြင်တဲ့မဂ်ဉာဏ် . . . (မှန်ပါ့)၊ ဒါရလို့ရှိရင် ဂတိမြဲပြီ . . . (မှန်ပါ့)၊ ပရမ်းပတာဘေးလွတ်ပြီ၊ သစ်ရွက် လှူပ်ချသလို ပရမ်းပတာဘေး မလာတော့ဘူး . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါ မိလိန္ဒပဉှာမှာလည်း လာပါတယ်တဲ့၊ "ဒုက္ခဿ အန္တံ ကရိဿတိ" ဆို၍ အရဏဝတီသုတ်တွေမှာလည်း လာပါတယ်၊ ဒါ ပါဠိတော်တွေ . . . (မှန်ပါ့)။

ကဲ . . . ဒါဖြင့် ဒကာ ဒကာမတို့ "ရုပ်နာမ်အားလုံး ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်" ဆိုတော့ ခင်ဗျားတို့က ၁-နံပါတ်နဲ့ချည့် ရှုနေတယ်နော် . . . (မှန်ပါ့)၊ ၁-နံပါတ်က ရှုမနေဘူးလား . . . (နေပါတယ်ဘုရား)။

ဖြစ်ပျက်သမျှ သင်္ခါရ ဒုက္ခသစ္စာလို့ မှတ်ပြီးရှုနေ . . . (ရှုပါမယ်ဘုရား)။

## သင်္ခါရုပေက္ခာဉာဏ်

အဲ . . . ရှုရာကနေပြီးသကာလ ရှုလိုက် ဖြစ်လိုက် ပျက်လိုက် . . . ဖြစ်လိုက် ပျက်လိုက် တော်တော်ကြာ အပျက်ချည့် မြင်လိုက်မုန်းလိုက် ရွံစရာကြီးဖြစ်လိုက်၊ ကဲ . . . သင်္ခါရုပေက္ခာ ဉာဏ်နဲ့ လျစ်လျူရှုလိုက်၊ နောက်ဆုံးပိတ် တစ်နေ့ကျတော့ ရှုဖန် များလာတော့ ဦးခင်မောင် ရုပ်နာမ်တွေ ဘာဖြစ်သွားသတုံး . . . (သုဉ်းသွားပါတယ်ဘုရား)။

သုဉ်းသွားတယ်၊ ရှုနေတဲ့ရှေ့နားမှာ မရှိတော့ဘူး . . . (မှန်ပါ့)၊ ကိုယ့်ခန္ဓာကိုယ်မရှိတာ . . . (မှန်ပါ့ဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## နိဗ္ဗာန်

ကိုယ့်ခန္ဓာကိုယ်မရှိတာ ခန္ဓာငါးပါးစလုံး ပျောက်တယ် . . . (မှန်ပါ့)၊ အဲဒါဘာခေါ်ကြမှာလဲ . . . (နိဗ္ဗာန်ပါဘုရား)၊ နိဗ္ဗာန်၊ သုဉ်းသွားရင် ဘာခေါ်ကြမယ် . . . (နိဗ္ဗာန်ပါဘုရား)၊ အဲဒီကျအောင်ရှုရမယ် . . . (မှန်ပါ့ဘုရား)။

ဒါသုဉ်းသွားမှာလည်း သိပ်မကြာပါဘူး ခင်ဗျားတို့ ရှုသာ ရှုပါ ဒီဥစ္စာကို၊ ရှုသွားလို့ရှိရင် ချက်ချင်းဟော ဒီ မဂ်ဆိုက်လာပါ လိမ့်မယ်ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ ကြိုးစားကြရမယ် . . . (မှန်လှ ပါဘုရား)။

ကိုယ်က တိဟိတ်လည်းဖြစ်မယ်၊ ဒ[illegible]ုပ်လည်းမှန်မယ်၊ ဝီရိယလည်း မလျှော့ဘူးဆိုရင် ရပါတယ် . . . (မှန်ပါ့ဘုရား)။

**'ဣမေစ သုဘဒ္ဒ ဘိက္ခူသမ္မာ ဝိဟရေယျုံ အသုညော လောကော အရဟန္တေဟိအဿ'**ဆိုပဲ။

## သုဘဒ္ဒရဟန်းကမေးလို့ဖြေတာ

ဘုရားမရှိတဲ့အခါကျတော့ အရိယာတွေများ ကွယ်တော့မှာလားလို့ ဆာဝါရဲ့သား သုဘဒ္ဒက မေးတဲ့အခါ မကွယ်ဘူးကွ၊ မှန်မှန်သာ လုပ်နေဘယ်တော့မှ မကွယ်ဘူးဆိုတော့ ဘယ်အခါမဆို ရနိုင်တယ် ပြောထားတာက ရှိနေတယ် . . . (မှန်ပါ့ဘုရား)၊ သဘောပါကြလား . . . (ပါပါပြီဘုရား)။

ကိုင်း . . . ဒါဖြင့် တပည့်တော်တို့ ဘယ်အခြေအနေကျအောင် လုပ်ရမှာတုံးဆိုတော့ ပထမ ဒုက္ခသစ္စာ ဖြစ်ပျက်မြင်အောင်လုပ် . . . (မှန်ပါ)၊ ဒုတိယ ဒုက္ခသစ္စာ ဖြစ်ပျက်တွေဆုံးအောင်လုပ်လိုက် . . . (မှန်ပါ)၊ ဒီကြား ဉာဏ်တွေကတော့ သူ့ဟာသူပေါ်လာလိမ့်မယ်နော် . . . (မှန်ပါ)။

အဲဒါ အစနဲ့ အဆုံးပဲ ဘုန်းကြီးက သင်ပေးလိုက်တော့ ကြားတွေကတော့ သူ့ဟာသူ ပေါ်ချင်တာ ပေါ်ပါလိမ့်မယ် ဘင်္ဂ, ဘယ, အာဒီနဝနိဗ္ဗိန္ဒ, မုဥ္စိတုကမျတာဉာဏ်, သင်္ခါရု ပေက္ခာဉာဏ်တွေဆိုတာ မီးရထား ရန်ကုန်ရောက်မယ်ကြံတော့ ကြားဘူတာတွေ တွေ့ကြုံတာ ဆိုတာပါ . . . (မှန်ပါ့ဘုရား)။

စင်စစ်ကတော့ဖြင့် မန္တလေးဘူတာကြီးက လက်မှတ် ရဖို့ရယ် . . . ရန်ကုန်ဘူတာကျတော့ ကိုယ်ဆင်းနိုင်ဖို့ရယ် . . . ဒါပဲအရေးကြီးပါတယ် . . . (မှန်ပါ့ဘုရား)။

ကြားဘူတာတွေတော့ ခင်ဗျားတို့က ဉာဏ်က ခုတ်သွားတာနဲ့ တွေ့တာပါပဲ. . . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ အရေးကြီးနေတာက ၁-သံပေါက်ရယ်. . . ၃-သံပေါက်ရယ် အတော်အရေးကြီး တယ် . . . (မှန်ပါ့)။

၁-သံပေါက်ရယ် . . . (၃-သံပေါက်ရယ် အတော် အရေးကြီးပါတယ်)၊ ၁-သံပေါက်က ဘာပါလိမ့် . . . (ဖြစ်ပျက် သမ္မာသင်္ခါရ ဒုက္ခသစ္စာ မှတ်ပါဘုရား)။

အဲဒါ ရှုနေဖို့ အရေးကြီးတယ် . . . (မှန်ပါ့)၊ ဘယ် အချိန်ကျအောင် ရှုရမှာတုံးလို့ အချိန်ကန့်သတ် မေးလို့ရှိရင်ဖြင့် ၃-နံပါတ် သံပေါက်ရွတ်လိုက် . . . (ရုပ်နာမ်အားလုံး၊ ဖြစ်ပျက် သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်)။

အဲ . . . ဖြစ်ပျက်တာ သုဉ်းသွားပါစေ၊ ဒါ နိဗ္ဗာန်ပဲတဲ့ . . . (မှန်ပါ)၊ မိလိန္ဒ ပဉှာ ပါဠိတော်မှာလည်း လာပါတယ်နော် . . . (မှန်ပါ့ဘုရား)။

## ၄။ ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင်သိမြင်မဂ်ဟုမှတ်

ကိုင်း . . . ဒါဖြင့် ဒီ ဖြစ်ပျက် သုဉ်းတော့ကို ကိုယ့်ဉာဏ်ဟာ ဘယ်ဉာဏ်ဖြစ်ပါလိမ့်မလဲဆိုတာ မေးဖို့မလို ဘူးလား . . . (လိုပါတယ်ဘုရား)၊ ကိုယ်ရှုနေတဲ့ ဉာဏ်ကလေး ဟာလေ . . . (မှန်ပါ့)။

ခုနင်က ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန် မှတ်၊ ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင်ဆိုတာ ဒီ ဉာဏ်ထဲက ချုပ်ဆုံးတဲ့အထဲ ဝင်သွားတယ်၊ ရှုနေတဲ့ ဉာဏ်ကအရင်လို ခန္ဓာထဲ ဝင်သေးရဲ့လား . . . (မဝင်ပါဘုရား)။

ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင် သိမြင်မဂ်ဟုမှတ် . . . (မှန်ပါ့)။

ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင် . . . (သိမြင်မဂ်ဟုမှတ်) အဲ . . . အဲဒီသိမြင်တဲ့ဥစ္စာ မဂ်ပါတဲ့ . . . (မှန်ပါ့)၊ သဘော ကျပလား . . . (ကျပါပြီဘုရား)။

## လောကုတ္တရာမင်ဖြစ်ပြီလို့မှတ်

အဲဒီတော့ မဂ်မဟုတ်တော့ဘူး၊ ဝိပဿနာမဂ် မဟုတ်တော့ဘူး၊ ဒါ လောကုတ္တရာမဂ်ဖြစ်ပြီလို့ မှတ်ပါ . . . (မှန်ပါ့ဘုရား)။

ချုပ်ဆုံးမှုတွင် . . . (ဉာဏ်သက်ဝင် သိမြင်မဂ်ဟုမှတ်) အဲ . . . သိမြင်မဂ်ဟုမှတ်နော် . . . (မှန်ပါ့ဘုရား)။

ဘုန်းကြီး (၃)ခေါက်ဆိုပေးပါ့မယ် ဒကာ ဒကာမတို့ နားထောင်ပါ . . . (၃)ခေါက်ဆိုပါသည်။

ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင် သိမြင်မဂ်ဟုမှတ်။

ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင် သိမြင်မဂ်ဟုမှတ်။

ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင် သိမြင်မဂ်ဟုမှတ်။

ရကြရဲ့မဟုတ်လား . . . (မှန်ပါ့)၊ တစ်ပြိုင်နက် ၃-ခေါက်ဆိုကြစမ်း . . . (၃)ခေါက်ဆိုသည်။

အဲ . . . အဲဒီ ချုပ်ဆုံးမှုသာ မြင်လို့ရှိရင်ဖြင့် ခင်ဗျားတို့ မြင်နေတဲ့ ဉာဏ်ကလေးဟာ မဂ်ပါပဲ . . . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့မြင်တဲ့ ဉာဏ်ကလေးဟာ ဘာပါလိမ့် . . . (မဂ်ပါဘုရား)။

အဲဒါ ဒကာ ဒကာမတို့ . . . တဲ့၊ ရှုနည်းမှာ ဒီ လေးချက်နဲ့ စတုတ္ထအချက်ဆိုတာ ကိုယ်ဖြစ်နေတာ ဘာမှန်း

မသိဘဲနေမှာ စိုးတဲ့အတွက် ဒီဉာဏ်က ချုပ်ဆုံးမှုထဲ သက်ဝင်သွားတယ် . . . (မှန်ပါ့ဘုရား)။

ချုပ်ဆုံးမှုထဲ သက်ဝင်သွားတယ်ဆိုတာ ဒကာ ဒကာမတွေက စဉ်းစားလိုက်ပါ ချုပ်ဆုံးမှုမရှိတာမြင်တယ် . . . (မှန်ပါ့) ဘာတွေ့သေးသလဲ၊ ရုပ်နာမ်တွေ့သေးရဲ့လား . . . (မတွေ့ပါဘုရား)။

## ဉာဏ်ကဘာမှမရှိတော့ဘူးလို့သိတယ်

အဲ . . . ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟု မှတ်ဆိုတော့ ဩော် . . . ဒီ ကိုယ့်ဉာဏ်က ဘာမှ မရှိတော့ပါကလား၊ ငါ့မှာ ရုပ်လဲမရှိဘူး၊ နာမ်လဲမရှိဘူး၊ ဒုက္ခသစ္စာတွေလဲ မရှိတော့ပါကလား 'ဒုက္ခဿ အန္တံ ကရိဿတိ' ဆိုတဲ့ အတိုင်း ဒုက္ခတွေလဲ ဆုံးသွားပါပေါ့ကလား၊ ဒီဉာဏ်က ဒါသိတယ် . . . (မှန်ပါ့ဘုရား)။

ဦးခင်မောင်ရေ . . . ဒီမဂ္ဂင် ရှစ်ပါးဟာ ဘာသိပါလိမ့် . . . (ဒုက္ခဆုံးသွားတာ သိပါတယ်ဘုရား)။

အဲ . . . သိသွားလို့ရှိရင် သူကလဲ ၁-၂ဆို ဒီမဂ္ဂင်ရှစ်ပါးကလဲ ချုပ်ပြန်တာပဲ ဒကာ ဒကာမတို့ . . . (မှန်ပါ့)၊ ဒီနေရာမှာ ဖိုလ်လာပြန်တာပဲတဲ့၊ မဂ်ပြီး ဖိုလ်လာတာပဲ ဒကာ ဒကာမတို့နော် . . . (မှန်ပါ့ဘုရား)။

## ဒါသောတာပန်ဖြစ်သွားတာ

မင်္ဂပြီး ဖိုလ်လာတော့ ဒါ သောတာပန်ပုဂ္ဂိုလ်ဖြစ်သွားတာပဲ . . . (မှန်ပါ့)၊ အဲဒါကျတော့ ဆုတောင်းရတာ မဟုတ်ဘူး၊ အကာလိကော . . . (မှန်ပါ့)၊ မဂ်ပေါ်ရင် ဖိုလ်ပေါ်တာပဲ . . . (မှန်ပါ့ဘုရား)။

မဂ်ပေါ်ရင် . . . (ဖိုလ်ပေါ်တာပဲဘုရား)၊ ဆုတောင်းရသေးရဲ့လား . . . (မတောင်းရပါ) မတောင်းရတော့ပါဘူးဆိုတာ သေချာကြရဲ့လား . . . (သေချာပါတယ်ဘုရား)။

အဲဒါကြောင့် အကာလိကော . . . အခါမလင့် အကျိုးပေး၏ဆိုတာ မဂ်ပြီးရင် ဖိုလ်လာတာကိုဆိုပါတယ် . . . (မှန်ပါ့)၊ ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ . . . ဒါဖြင့် ဒကာ ဒကာမတို့ ဒီသံပေါက်လေးခုကို မပျောက်စေမှ . . . (မှန်ပါ့)၊ မပျောက်စေနဲ့ . . . (မှန်ပါ့ဘုရား)။

ဩော်. . . ဒါ ဘာပါလိမ့်မတုံး၊ အို. . . ဒါအလုပ်စဉ်ပါကလား . . . (မှန်ပါ့)၊ ကဲ . . . ဒကာ ဒကာမတို့ တစ်ခေါက်စီ ရွတ်ကြည့်စမ်းကြပါဦး၊ ဖြစ်ပျက်သမ္မာ သင်္ခါရကစပြီးတော့ . . . (တစ်ခေါက်စီရွတ်ကြသည်)။

၁။ ဖြစ်ပျက်သမ္မာ သင်္ခါရ ဒုက္ခသစ္စာမှတ်

၂။ သင်္ခါရတွင် ငါကောင်ထင်၊ ခင်မင်သမုဒယမှတ်

၃။ ရုပ်နာမ်အားလုံးဖြစ်ပျက်သုဉ်းချုပ်ဆုံးနိဗ္ဗာန်မှတ်
၄။ ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟုမှတ်

အဲ . . . သိမြင်မဂ်ဟုမှတ်ရုံပဲနော် . . . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ဖြစ်ပျက်တွေ့ပါစေ

အဲဒီတော့ ဒကာ ဒကာမတို့ ဒီဥစ္စာသိပြီးသကာလ နေတော့ ဩော် . . . ကိုယ်အလုပ်လုပ်ရင်း ဒီသံပေါက်ကလေးကရ၊ ထားတော့ ကိုယ့်ခန္ဓာကိုယ်ကြည့်၊ ဟိုကရွရွ၊ ဒီကရွရွ-ရွရွနဲ့ ရေပွက်ပမာ ကိုယ်ခန္ဓာဆိုတဲ့အတိုင်း ခန္ဓာကိုယ်ကြီးကတစ်ခါတည်း အစကလေးသာ ဦးခင်မောင်တွေ့ပါစေနော် . . . (မှန်ပါ့)၊ နောက် အကုန်တွေ့လာတာပဲ . . . (မှန်ပါ့)၊ ဖြစ်ပျက်တွေ အကုန်မတွေ့ပေဘူးလား . . . (တွေ့ပါတယ်ဘုရား)။

## တွေ့တာက မဂ္ဂသစ္စာ

ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်တွေ အကုန်တွေ့၊ ဩော် . . . ဖြစ်ပျက်ဒုက္ခသစ္စာ၊ တွေ့တာက လောကီ မဂ္ဂသစ္စာဖြစ်သွားတာပဲ . . . (မှန်ပါ့ဘုရား)။

အဲဒီဖြစ်ပျက် သင်္ခါရတွေကို ဩော် . . . ငါ ဘာဖြစ်

ပါလိမ့်မတုံး မရောစေနဲ့ . . . (မှန်ပါ့)၊ ဒီရွှရွှ ရွှရွှဖြစ်နေတာ ငါ ဘာဖြစ်ပါလိမ့်မတုံးလို့ မရောစေနဲ့ . . . (မှန်ပါ့ဘုရား)။

ဟိုနေရာကပူ ဒီနေရာကပူလဲ ငါဖျားချင်လို့ ထင်ပါရဲ့ မရောစေနဲ့ . . . (မှန်ပါ့ဘုရား)။

ဒါ ဖောက်ပြန်ပျက်စီးတဲ့ သဘောတွေ ပြောနေတာ . . . (မှန်ပါ)၊ သဘောကျပလား . . . (ကျပါပြီ) ထမင်းဆာတာကော ငါထမင်းဆာတယ်မဖြစ်စေနဲ့ . . . (မှန်ပါ့)၊ ဩော် . . . ဒါကလေးသည်ကားလို့ ဆာစိတ်ကလေး ပေါ်လာတာလဲ ဆာစိတ်ကလေးချုပ်မှာပဲလို့ ကြည့်ထား . . . (မှန်ပါ့ဘုရား)။

ကြည့်ပြီးသကာလ သူ့ဟာသူ ဒကာ ဒကာမတွေ ရှုလိုက် ရှုလိုက်ပြီးသွားလို့ရှိရင်ဖြင့်တဲ့ ဩော် . . . သခ်ီရတွေ ငါကောင်ထင်သေးရဲ့လား . . . (မထင်ပါဘုရား)။

နို့မဟုတ်လို့ရှိရင်ဖြင့် စားချင်တာလဲငါ၊ အိပ်ချင်တာလဲ ငါ၊ ပြောချင်တာလဲငါ၊ ဆိုချင်တာလဲငါဆိုတော့ တဏှာဥပါဒါန် ကံတွေက ဆက်သွားလိမ့်မယ် . . . (မှန်ပါ့)၊ ကြောက်စရာ မကောင်းဘူးလား . . . (ကောင်းပါတယ်ဘုရား)။

## သဿတ၊ ဥစ္ဆေဒခွာဖို့ အရေးကြီးသည်

အဲဒါကြောင့် ဒကာ ဒကာမတို့ ဒီဥစ္စာကို ရှုမည်ကြံ တော့ကိုတဲ့ ဟောဒီက ရှေ့ပိုင်းက သဿတ ဥစ္ဆေဒ ခွာတာဟာ

သိပ်အရေးကြီးတယ် . . . (မှန်ပါ့)၊ သူ့ခွာပြီးမှ ဒီလေးချက်လုပ်ရမှာ . . . (မှန်ပါ့ဘုရား)။

ကဲ . . . ဒါဖြင့် ဒကာ ဒကာမတို့ ဒီခန္ဓာငါးပါး ဒုက္ခသစ္စာတရားဟာ မိမိပြုတာလား . . . (မဟုတ်ပါဘုရား)၊ အဝိဇ္ဇာသင်္ခါရကပြုတာ . . . (မှန်ပါ့ဘုရား)။

သူတစ်ပါးပြုတာလား . . . (မဟုတ်ပါဘုရား)၊ ဘယ်သူကပြုတာပါလိမ့် . . . (အဝိဇ္ဇာသင်္ခါရက ပြုတာပါဘုရား)၊ အဲ . . . ငါပါသေးရဲ့လား . . . (မပါပါဘုရား)။

ဒီထဲလဲ ငါမပါဘူး၊ ဒီအထဲမှာတော့ . . . (မပါပါဘုရား)၊ အဲဒီလို ဒိဋ္ဌိစင်ရဦးမှာ . . . (မှန်ပါ့)၊ ဒါကြောင့် ဒိဋ္ဌိကို ဘုန်းကြီးက အစောကြီးက စင်ပြီးသကာလ ပေးထားပါတယ် . . . (မှန်ပါ့)၊ ဒိဋ္ဌိစင်တဲ့နည်းကို ပေးထားတယ် . . . (မှန်ပါ့ဘုရား)။

ကဲ . . . ဒါဖြင့် မိမိသူတစ်ပါး နှစ်ဦးသား ပြုတာလား . . . (မဟုတ်ပါဘုရား)၊ သေချာပလား . . . (သေချာပါပြီ)၊ အဝိဇ္ဇာသင်္ခါရကြောင့်ဖြစ်တာ . . . (မှန်ပါ့)၊ ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

အလိုလို ဖြစ်တာလားတဲ့ ဟောဒီဒုက္ခသစ္စာဟာ . . . (မဟုတ်ပါဘုရား)၊ ဘယ်သူ့ကြောင့်ပါလိမ့်ဗျာ . . . (အဝိဇ္ဇာသင်္ခါရကြောင့်ပါဘုရား)။

## ဒိဋ္ဌိခွာပြီးလုပ်မှခရီးပေါက်မယ်

ကိုင်း . . . ရှင်းပလား . . . (ရှင်းပါပြီ)၊ ဒါ ဘာခွာနေတာတုံးဆိုတာကော သဿတ ဥစ္ဆေဒ ခွာလွှတ်လိုက်တာ၊ သဿတဥစ္ဆေဒကွာလို့ရှိရင် သက္ကာယ ပြုတ်သွားပြီ၊ ကွာသွားပြီ . . . (မှန်ပါ့ဘုရား)။

အဲဒီခွာပြီးတော့မှ ခုနင်က ၁-နံပါတ်နဲ့ အလုပ် . . . လုပ် . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

၁-နံပတ်နဲ့ အလုပ် . . . လုပ်တော့ ၃-နံပါတ် မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)၊ ၄-နံပါတ်ဉာဏ် မရပေဘူးလား . . . (ရပါတယ်ဘုရား)။

အဲဒါကြောင့် ဒိဋ္ဌိခွာပြီးမှ လုပ်မှသာလျှင် ဦးခင်မောင်တို့ ခရီးပေါက်မယ်ဆိုတာ သဘောကျပလား . . . (ကျပါပြီ)၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ကဲ . . . ယနေ့ ဒီတွင် တော်ကြဦးစို့ . . . ။

သာဓု . . . သာဓု . . . သာဓု